ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်၊ ကြာသပတေးနေ့ (1-3-2012) (၇၀၅၁)

ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ဆင္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆင္ဌအစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

ရန်ကုန် ဖေဖော်ဝါရီ ၂၉

ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး တတိယနေ့ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်၌ ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဂုဏောသနက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နိမလက ဆောင်ရွက်တော်မူသည်။

အစည်းအဝေးတွင် တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝါယာမက တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော အစီရင်ခံစာအပေါ် ဝေဖန်ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသက နိုင်ငံတော် သံဃဝိနိစ္ဆယ အဖွဲ့ဝင်ဆရာတော်များ၊ နိုင်ငံတော် သီးခြားဝိနည်းဓိုရ်ဆရာတော်များအား နိုင်ငံတော် ဝိနည်းဓိုရ်လက်မှတ်များ ဆက်ကပ်ခြင်း၊ ထေရဝါဒသာသနာပြု ဩဝါဒါစရိယအဖွဲ့အသစ်အား အတည်ပြုလက်မှတ်များ ဆက်ကပ်ခြင်းတို့ကို ဆောင်ရွက်တော်မူသည်။

ဆက်လက်၍ သာသနာ့သမိုင်းဝင်မှတ်တမ်းစာအုပ်၌

စာမျက်နှာ ၂ ကော်လံ ၃ သို့◆

ကယားပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ် ၈/၂၀၁၂)
၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်
(၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက်)

ကယားပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ(ခ)နှင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၅၀ တို့အရ ကယားပြည်နယ်လွှတ်တော်က သဘောတူညီသည့် ကယားပြည်နယ်တရားလွှတ်တော် တရားသူကြီး ဦးကျော်လင်းမောင်အား ကယားပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ)သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ကယားပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ် ၉/၂၀၁၂)
၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်
(၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက်)

ကယားပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ(ဃ)နှင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၅၀ တို့အရ ကယားပြည်နယ်လွှတ်တော်က သဘောတူညီသည့် ဦးတင်ဌေးအား ကယားပြည်နယ် တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ)သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ရင်းရင်းနှီးနှီး နှုတ်ဆက်

ဒုတိယသမ္မတ သီဟသူရ **ဦးတင်အောင်မြင့်ဦး တောင်ကုတ်တက္ကသိုလ် တည်ဆောက်မည့်နေရာ၌ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

(သတင်းစဉ်)

နိုင်ငံတော်၌ ပညာရေး၊ ကျန်းမာရေးကဏ္ဍနှင့် ပတ်သက်၍ အသုံးစရိတ်များ နှစ်စဉ်တိုးမြှင့်ဆောင်ရွက်လျက်ရှိ

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း ရခိုင်ပြည်နယ်တောင်ပိုင်းကျောင်းသားများအတွက် တောင်ကုတ်တက္ကသိုလ်တည်ဆောက်မည်

နေပြည်တော် ဖေဖော်ဝါရီ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် အဖွဲ့ဝင်များနှင့်အတူ ဖေဖော်ဝါရီ ၂၈ ရက်နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် သံတွဲမြို့ ဒွါရာဝတီခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံသည်။

ရှေးဦးစွာ သံတွဲမြို့နယ်အုပ်ချုပ်ရေးမှူး၊ ဂွမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် သံတွဲခရိုင်အုပ်ချုပ်ရေးမှူးတို့က ခရိုင်နှင့် မြို့နယ်များအခြေအနေနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် သံတွဲမြို့ မြို့မိမြို့ဖများဖြစ်ကြသည့် ဒေါက်တာစိုးမြင့်၊ ဦးအေးမောင်နှင့် ဦးဘသန်းတို့က ဒေသအလိုက်လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေတို့က ကျန်းမာရေး၊ ပညာရေးဆိုင်ရာ ကိစ္စရပ်များကို ပြန်လည်ဆွေးနွေးဖြေကြားကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့❖

ကြေးမုံစာတည်းရှုထောင့်

၁-၃-၂၀၁၂ [ကြာသပတေးနေ့]။

ပြည်သူ့အသက် သင့်လက်ထဲတွင် ရှိသည်

လူ့ဘဝတွင် အရွယ်ရောက်သူတိုင်း တချို့မှာ ကျောင်းဆရာ၊ ဗေဒင်ဆရာ၊ စာရေးဆရာ၊ ရေယာဉ်မှူး၊ မော်တော်ယာဉ်မောင်းနှင်သူများစသော လုပ်ငန်းမျိုးစုံ လုပ်ကိုင်နေကြရပါသည်။ ထိုအထဲတွင် ရေယာဉ်၊ မော်တော်ယာဉ် (ဘတ်စ်ကား)၊ အငှားယာဉ်နှင့် လေယာဉ်မောင်းနှင်ကြသူများမှာ အလွန်မှ တာဝန်ကြီးလှပါသည်။ အကြောင်းမူကား ထိုယာဉ်မောင်းနှင်သူများ၏ လက်ထဲတွင် ပြည်သူအများစု၏အသက်ကို အပ်နှံထားရသောကြောင့် ဖြစ်ပါသည်။ ပြည်သူလူထု၏ အသက်အန္တရာယ်မဖြစ်ရလေအောင် ယာဉ်မောင်းနှင်သူများက အထူးသတိထားပြီး မောင်းနှင်ကြရန် တာဝန်ရှိကြပါသည်။ အကယ်၍ ယာဉ်မောင်းနှင်သူ၏ တမင်ပေါ့လျော့စွာ မောင်းနှင်မှုကြောင့် ခရီးသည်တစ်ဦးဦး သေဆုံးရပါက ရာဇသတ်ကြီး အက်ဥပဒေပုဒ်မ ၃၀၄ (က)အရ တရားစွဲဆိုခံရနိုင်ပါသည်။

ယာဉ်မောင်းနှင်သူများ ဗဟုသုတရစေရန် ၁၉၇၄ ခုနှစ်က စီရင်ထုံးတစ်ခုအား တင်ပြရလျှင် တိုးအေးသင်္ဘောသည် ကျယ်ပြန့်သောမြစ်အတွင်းတွင် မိမိအရှေ့မှသွားနေသော ဂျပန်သင်္ဘောကြီးကို ကြိုတင်မြင်ရသောအခါ သတိမူ၍ ရှောင်တိမ်းမောင်းနှင်ရန်သာ ဖြစ်ပေသည်။ ပင်လယ်ကူးသင်္ဘောကြီးက ရပ်မပေးသောကြောင့် တိုက်မိရသည့်အခြေအနေမျိုး ဖြေရှင်းတင်ပြရန် အကြောင်းမရှိပေ။ ရေယာဉ်အုပ်သည် ၎င်းဝန်ခံသည့်အတိုင်း ပင်လယ်ကူးသင်္ဘောကြီးအရှေ့မှ ဖြတ်ရန်ကြိုးစားခြင်းပင်လျှင် မဆင်မခြင်သတိပေါ့လျော့စွာ ပြုလုပ်ခြင်းဖြစ်သဖြင့် ၎င်းသည် စွဲဆိုသည့်အတိုင်း ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသည်ဟု ဆုံးဖြတ်ပြီး ပြစ်ဒဏ်စီရင်ခြင်းခံရသည်။

ခရီးသည်များ၏ အသက်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသော ရေယာဉ်၊ မော်တော်ယာဉ်၊ လေယာဉ် အစရှိသည်တို့ကို တာဝန်ယူ၍ မောင်းနှင်ရသူများသည် မိမိကိုယ်ပိုင်ယာဉ်များကို ထိန်းသိမ်းမောင်းနှင်ကြသူများထက် အဆပေါင်းများစွာ ပိုမို၍ဂရုစိုက်ရန် လိုအပ်ပေသည်။ ထို့ကြောင့် ဖြစ်လိုဖြစ်ငြား လွတ်လိုလွတ်ငြားဟူသော စိတ်ထားမျိုးရှိရန် မသင့်ပေ။ အစစအရာရာ လွန်ကဲသောသတိကို ထားရှိရမည်သာဖြစ်သည်။ ယာဉ်ချင်းဆုံမိသည့်အခါများတွင် တစ်ဖက်ယာဉ်က တိမ်းရှောင်ပေးလိမ့်မည်ဟူသော အယူအဆမျိုးကို ပယ်ရမည်သာဖြစ်သည်။ ခရီးသည်တင်ဆောင်သော ရေယာဉ်၊ လေယာဉ်၊ မော်တော်ယာဉ်မောင်းသူများသည် အစစအရာရာခရီးသည်များ၏ ဘေးအန္တရာယ် ကင်းလွတ်စေမှုကို ဦးစားပေးရန်သင့်ပေသည်ဟု ဆုံးဖြတ်ထားပါသည်။

သို့သော် ယခုလက်ရှိတွင် ယာဉ်မောင်းနှင်သူ တချို့မှာ အရက်သေစာသောက်စားပြီး မောင်းနှင်နေခြင်း၊ ယာဉ်များ အပြိုင်အဆိုင်ကျော်တက်၊ လမ်းကြောလုမောင်းနှင်နေခြင်း စသည်တို့ကို လိုင်းမှူးနှင့် ယာဉ်ထိန်းရဲများကလည်း ကြီးကြပ်တားမြစ် အရေးယူရန် တာဝန်ရှိပါသည်။

ထို့ကြောင့် ယာဉ်မောင်းနှင်သူများမှ အစဉ်အမြဲ လွန်ကဲသောသတိတရားကို မပြတ်ထားရှိ၍ မောင်းနှင်မည်ဆိုပါက ယာဉ်မတော်တဆမှု၊ ယာဉ်တိမ်းမှောက်မှုများ လုံးဝကင်းစင်သွားမည့်အပြင် ပြည်သူများ၏ အသက်စည်းစိမ်ကို ကာကွယ်ပေးရာလည်းရောက်၍ **"ကုသိုလ်လည်းရ ဝမ်းလည်းဝ"** မည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ရေယာဉ်၊ လေယာဉ်၊ မော်တော်ယာဉ် (ဘတ်စ်ကား)နှင့် အငှားယာဉ်မောင်းနှင်သူများသည် ပြည်သူလူထု၏အသက်စည်းစိမ်မဆုံးရှုံးရလေအောင် အသိတရားဖြင့် အစဉ်သတိထားရှိရန် အထူးလိုအပ်နေပါကြောင်း အကြံပြုလိုက်ပါသည်။ ။

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၉ - ၂ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၂၅၉၀	၀. ၀၃၃၀၉
တရုတ် (ယွမ်)	၆. ၂၉၄၃၃	၀. ၁၅၈၈၇
အိန္ဒိယ (ရူပီး)	၄၈. ၉၅၅၈	၀. ၀၂၀၄၃
မလေးရှား (ရင်းဂစ်)	၂. ၉၉၆၉၇	၀. ၃၃၃၆၇
စင်ကာပူ (ဒေါ်လာ)	၁. ၂၄၄၅၁	၀. ၈၀၃၅၃
ဂျပန် (ယန်း)	၈၀. ၃၁၅၆	၀. ၀၁၂၄၅
တောင်ကိုရီးယား(ဝမ်)	၁၁၁၈. ၉၀	၀. ၀၀၀၈၉
ယူရို	၀. ၇၄၃၇၀	၁. ၃၄၄၆၂
ဗြိတိသျှ (ပေါင်)	၀. ၆၂၇၃၀	၁. ၅၉၄၁၃

အင်တာနက်။

စာပေမြင့်မှ လူမျိုးတင့်မည်

◆ဆဋ္ဌအကြိမ်မှ

ဩဝါဒါစရိယဆရာတော်ကြီး ၁၅ ပါး၊ ဥက္ကဋ္ဌဆရာတော်၊ အကျိုးတော်ဆောင်ဆရာတော်၊ ဂိုဏ်းအသီးသီးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ ကိုယ်စားလှယ်များက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးတွင်ချမှတ်ခဲ့သည့် အစားထိုးရွေးချယ်မှုများ၊ ဆုံးဖြတ်ချက်များ၊ အတည်ပြုချက်များ၊ မှတ်တမ်းတင်ချက်များကို လက်မှတ်ရေးထိုးကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ဆရာတော်၊ သံဃာတော်များနှင့် ဧည့်ပရိသတ်တို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်၏ နိဂုံးချုပ် ဥယျောဇနကထာကို နာယူတော်မူကြကာ ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

(ဥက္ကဋ္ဌ ဆရာတော်၏ နိဂုံးချုပ် ဥယျောဇနကထာမှာ အောက်ပါအတိုင်း ဖြစ်သည်။) (သတင်းစဉ်)

ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး တတိယနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

သာသနာတော် သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားရေး လိုအပ်ချက်များဆွေးနွေး၍ ပီတိသောမနဿဖြစ်ရ အစိုးရကကူညီဆောင်ရွက်ပေးသဖြင့် သံဃာ့အဖွဲ့ အစည်းအဆင့်ဆင့် ဆောင်ရွက်ချက်များအောင်မြင်

ရန်ကုန် ဖေဖော်ဝါရီ ၂၉

ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ မြွက်ကြားသည့် နိဂုံးချုပ်ဥယျောဇနကထာမှာ အောက်ပါအတိုင်းဖြစ်သည် -

ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်နယ်/တိုင်းဒေသကြီး အသီးသီးတို့မှ သာသနာတော် သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားရေးဟူသော ဦးတည်ချက်သုံးရပ်ကို အလေးအမြတ်ပြုကာ ကြွရောက်တော်မူလာကြသည့် သာသနာ့ဦးသျှောင်ဖြစ်တော်မူကြသော သက်တော်ရှည်နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ဘုရားကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်အရှင်မြတ်တို့ဘုရား။

ကောဇာသက္ကရာဇ် ၁၃၇၃ ခုနှစ် တပေါင်းလဆန်း ၆ ရက် (၂၇-၂-၂၀၁၂) နေ့တွင် စတင်ကျင်းပခဲ့သော ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးပွဲကြီးသည် ယနေ့ ၁၃၇၃ ခုနှစ် တပေါင်းလဆန်း ၈ ရက် (၂၉-၂-၂၀၁၂) နေ့တွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါပြီဘုရား။

ဤအစည်းအဝေးပွဲကြီး၌ သက်တော်ရှည် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ဘုရားကြီးများ၏ သေတပန် သက်တစ်ဆုံး မှတ်သားလိုက်နာထိုက်သည့် ဩဝါဒကထာများကို နာယူမှတ်သားရခြင်းကြောင့်လည်းကောင်း၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့က ပေးအပ်သော တာဝန်ကို တစ်နှစ်တာကာလပတ်လုံး လုံ့လကြိုးကုတ်အားထုတ်ဆောင်ရွက်ထားအပ်သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာကို နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်အရှင်မြတ်တို့က ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာသုံးဖြာသောကဏ္ဍအလိုက် ဆွေးနွေးထောက်ခံအကြံပြုတော်မူကြကာ ဝမ်းသာရွှင်ကြည် အတည်ပြုပေးတော်မူကြခြင်းကြောင့်လည်းကောင်း၊ သာသနာတော် သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားရေးအတွက် လိုအပ်ချက်များကို ကောင်းစွာဆွေးနွေး၍ အဆုံးအဖြတ်ပေးခြင်း၊ အတည်ပြုပေးခြင်းတို့ကြောင့်လည်းကောင်း နှစ်ထောင်းအားရ ပီတိသောမနဿဖြစ်ရပါကြောင်း လျှောက်ထားအပ်ပါသည်ဘုရား။

နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်အရှင်မြတ်တို့ဘုရား-

သုံးလောကထွတ်ထား သဗ္ဗညု ရှင်တော်မြတ်ဘုရားသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး ပါရမီ၊ စာဂ၊ စရိယတို့ကို ပြည့်ဝအောင် ဖြည့်ကျင့်ဆည်းပူးတော်မူ၍ ရရှိတော်မူခဲ့သော သဗ္ဗညုတ ရွှေဉာဏ်တော်ဖြင့် လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအများ၏ အကျိုးစီးပွားအလို့ငှာ သဒ္ဓမ္မသုံးဖြာ သာသနာတော် မြတ်ကြီးကို တည်ထောင်တော်မူခဲ့ပါသည်ဘုရား။

ထိုတည်ထောင်အပ်ပြီးသော သာသနာတော်မြတ်ကြီးကို အဓွန့်ရှည်ကြာစွာ တည်တံ့အောင် လက်ဆင့်ကမ်း ထမ်းဆောင်နိုင်ကြမည့် ပဉ္စဝဂ္ဂီငါးဦးတို့နှင့်တကွ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်၊ အရှင်မဟာ ကဿပ၊ အရှင်ဥပါလိ စသော သာဝကတို့ကို ရဟန်းပြုပေးတော်မူလျက် သံဃာ့အဖွဲ့အစည်းကြီးကိုလည်း ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်ဘုရား။

ထိုသံဃာ့အဖွဲ့အစည်းဝင် အရှင်မြတ်တို့သည် ဗုဒ္ဓမြတ်စွာသာသနာတော် မြတ်ကြီးကို ဘုရားရှင်လက်ထက်တော်မှစ၍ လက်ဆင့်ကမ်း ထမ်းဆောင်တော်မူလာခဲ့ကြရာ ယခုမျက်မှောက်ခေတ်တိုင်အောင် နှစ်ပေါင်း ၂၅၅၅ ခုနှစ်သို့ ရောက်ရှိခဲ့ပါပြီဘုရား။

ထိုနှစ်ပေါင်း ၂၅၅၅ နှစ်ဟူသော ခရီးရှည်ကြီးကို လျှောက်လှမ်းလာခဲ့ရသည့် ဗုဒ္ဓသာသနာတော်ကြီးသည် မြင့်ချည်တစ်ခါ နိမ့်ချည်တစ်လှည့်ဖြင့် အလှည့်အပြောင်း အတက်အကျ ရှိခဲ့ပါသည်။ ဖြောင့်ဖြူးသာယာသည့် ခရီးချောကိုသာ လျှောက်လှမ်းခဲ့ရသည်မဟုတ်ဘဲ ဝိတဏ္ဍဝါဒီဘေး ရှုပ်ထွေးထူပြော မချောမမွေ့သည့် ခရီးကြမ်းကြီးများကို လျှောက်လှမ်းခဲ့ရပါသည်ဘုရား။

ဗုဒ္ဓသာသနာတော် စတင်ပေါ်ထွန်းရာဖြစ်သည့် အိန္ဒိယနိုင်ငံကြီးနှင့်တကွ ရှေးခေတ်က ဗုဒ္ဓသာသနာတော်ထွန်းကားခဲ့သည့် မြန်မာအိမ်နီးချင်းနိုင်ငံများ၌ ဗုဒ္ဓသာသနာတော်ကွယ်ပျောက်၍ အခြားဘာသာသာသနာများ ဝင်ရောက်လွှမ်းမိုးနေသည်ကို ထောက်ရှုပါက ဗုဒ္ဓသာသနာတော်သည် မည်မျှကြမ်းတမ်းလှသည့် ခရီးကြမ်းကို လျှောက်လှမ်းခဲ့ရကြောင်း သိသာထင်ရှားလှပါသည်ဘုရား။

နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်အရှင်မြတ်တို့ဘုရား-

သာသနာတော် သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားရေးနှင့် သံဃာစည်းလုံးညီညွတ်ရေးကို ဆောင်ရွက်ကြရာ၌ တပည့်တော်တို့ သံဃာတော်များချည်း ဆောင်ရွက်ရုံဖြင့် ပြီးပြည့်စုံမှု ရရှိနိုင်မည်မဟုတ်ပါ။ **"သာသနာတော်သည် မင်းကိုမှီ၍ တည်တံ့ရ၏"** ဟူသော ရှေးဆရာတော် အရှင်မြတ်တို့၏ အဆိုအမိန့်နှင့်အညီ နိုင်ငံတော် အစိုးရတို့ကို အမှီရမှ ပြီးပြည့်စုံအောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်ဘုရား။

သာသနာတော်ဝယ် သံဂါယနာ ခြောက်ကြိမ်တိုင် တင်ခဲ့ကြရာ၌ အများအားဖြင့် မင်းကိုအမှီပြု၍ တင်ခဲ့ကြရပါသည်။ အရှင်မဟာကဿပအမှူးရှိသော ရဟန္တာအရှင်မြတ်တို့သည် ပထမသံဂါယနာ တင်တော်မူကြရာ၌ ရာဇဂြိုဟ်ပြည့်ရှင် အဇာတသတ်မင်းကို အမှီပြု၍ တင်တော်မူခဲ့ကြသည်။ ထို့အတူ ဒုတိယသံဂါယနာကို ဝေသာလီပြည် ကာလာသောကမင်းကို အမှီပြု၍လည်းကောင်း၊ တတိယသံဂါယနာကို ပါဋလိပုတ်ပြည် အသောကမင်းကို အမှီပြု၍လည်းကောင်း တင်တော်မူခဲ့ကြရပါသည်။ စတုတ္ထသံဂါယနာကိုကား သီဟိုဠ်ကျွန်း မလယဇနပုဒ် အာလောကလိုဏ်၌ သံဃာတော် (၅၀၀) တို့ ပေထက်အက္ခရာ တင်တော်မူခဲ့ကြပါသည်။

တပည့်တော်တို့ မြန်မာပြည်၌လည်း ပဉ္စမသံဂါယနာကို ရတနာပုံ နေပြည်တော် မင်းတုန်းမင်းတရားကြီးကို အမှီပြု၍လည်းကောင်း၊ ဆဋ္ဌ သံဂါယနာကို ရန်ကုန်မြို့ ဤမဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရမင်းတို့ကို အမှီပြု၍ လည်းကောင်း တင်တော်မူခဲ့ကြပါသည်။

ကောဇာသက္ကရာဇ် ၁၃၄၂ ခုနှစ်၌ သာသနာတော် သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ကျင်းပ၍ ဆောင်ရွက်ကြရာ၌လည်း ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရမင်းတို့ကို အမှီပြု၍ ဆောင်ရွက်ခဲ့ကြရပါသည်။ ဤသည်မှာ မင်းကို အမှီပြု၍ သာသနာရေးကိစ္စများကို ဆောင်ရွက်ကြရပုံဖြစ်ပါသည်ဘုရား။

ယနေ့ အချိန်အခါတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ဝိနည်းဓမ္မကံဆိုင်ရာ ဓမ္မ၊ အဓမ္မအငြင်းပွားမှု ဆုံးဖြတ်ချက်များ၊ ပိုင်ဆိုင်ခွင့် အငြင်းပွားသည့် ဝိဝါဒါဓိကရုဏ်းမှုခင်း၊ သိက္ခာပုဒ်ဖြင့် စွပ်စွဲသည့် အနုဝါဒါဓိကရုဏ်းမှုခင်းတို့ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက ဝိနည်းဓမ္မကံ ကာကွယ်စောင့်ရှောက်သည့် ဥပဒေ၊ သံဃာ့အဖွဲ့အစည်းဆိုင်ရာ ဥပဒေတို့နှင့်အညီ အာဏာစက်ဖြင့် ပံ့ပိုးကူညီဆောင်ရွက်ပေးသဖြင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့၏ ဆောင်ရွက်ချက်များ အောင်မြင်မှုများ ရရှိနေခြင်းဖြစ်ပါသည်ဘုရား။

နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အရှင်မြတ်တို့ဘုရား-

မြတ်စွာဘုရားရှင်သည် အင်္ဂုတ္တရနိကာယ်၊ ဧကကနိပါတ်၊ ဒုတိယအပ္ပမာဒဝဂ်၌ သာသနာတော် ကြာမြင့်စွာတည်ကြောင်း၊ မပျက်စီးကြောင်း၊ မကွယ်ပျောက်ကြောင်း တရား(၇)ပါးကို ဟောကြားတော်မူခဲ့ပါသည်။ ထိုတရား(၇)ပါးမှာ -

(၁) မမေ့မလျော့ခြင်း = အပ္ပမာဒတရား
(၂) ထက်သန်သော လုံ့လပြုခြင်း = ဝိရိယာရမ္ဘတရား
(၃) အလိုနည်းခြင်း = အပ္ပိစ္ဆတာတရား
(၄) ရောင့်ရဲခြင်း = သန္တုဋ္ဌိတာတရား
(၅) သင့်လျော်သောအကြောင်းအားဖြင့် နှလုံးသွင်းခြင်း = ယောနိသောမနသိကာရတရား
(၆) ဆင်ခြင်ခြင်း = သမ္ပဇညတရား
(၇) အဆွေခင်ပွန်းကောင်းရှိခြင်း = ကလျာဏမိတ္တတာတရားတို့ဖြစ်ပါသည်ဘုရား။

သို့ဖြစ်၍ သာသနာတော် သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားရေးကို ဆောင်ရွက်နေကြသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်အားလုံးတို့သည် သာသနာတော် ကြာမြင့်စွာ တည်တံ့ကြောင်း၊ မပျက်စီးကြောင်း၊ မကွယ်ပျောက်ကြောင်း တရား(၇)ပါးတို့နှင့်ပြည့်စုံအောင် ကျင့်ဆောင်တော်မူကြကာ ကိုယ်နှင့်အသက် မငဲ့ကွက်ဘဲ ထက်သန်သော သဒ္ဓါအား၊ ဝီရိယအား၊ သတိအား၊ သမာဓိအား၊ ပညာအားဟူသော အားကြီးငါးပါး လက်ကိုင်ထားလျက် ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီး သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားအောင် ရွက်ဆောင်ကြိုးကုတ် အားထုတ်တော်မူကြပါဟု လေးလေးနက်နက် တိုက်တွန်းလျှောက်ထားအပ်ပါသည် ဘုရား။

နိဂုံးချုပ် လျှောက်ထားလိုသည်မှာ ခန္ဓာကိုယ် ပင်ပန်းနွမ်းနယ်မှုကို ဂရုမပြုဘဲ သာသနာတော်အရေးကို အလေးပေးကာ ကြွရောက်ချီးမြှောက်တော်မူကြသော နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ဆောင်ရွက်ဖွယ်ကိစ္စမှန်သမျှကို မလစ်ဟင်းအောင် ကြိုးပမ်းထမ်းဆောင် ရွက်ဆောင်တော်မူကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ၊ ဤအစည်းအဝေးပွဲကြီး ထမြောက်အောင်မြင်အောင် စီစဉ်ဆောင်ရွက်ပေးကြသော သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အမှုထမ်းအရာထမ်းများ လုံခြုံရေး၊ ကျန်းမာရေးနှင့် ဆွမ်းကွမ်းကိစ္စစသည်တို့ကို ဆောင်ရွက်ပေးကြသော ဝန်ထမ်းများ၊ ဆွမ်းဒါယကာ ဒါယိကာမအားလုံးတို့ကို ကျေးဇူးဥပကာရတင်ရှိပါကြောင်း မှတ်တမ်းတင်၍ ဤအစည်းအဝေးကြီး ပြီးမြောက်အောင် အဘက်ဘက်မှ ဆောင်ရွက်ကြသည့် ရဟန်း၊ ရှင်လူအားလုံး ကိုယ်စိတ်နှစ်ဖြာ ကြည်သာရွှင်လန်း ချမ်းမြေ့စွာဖြင့် သာသနာတော်အကျိုးကို ဆတက်ထမ်းပိုး တိုး၍ သယ်ပိုးဆောင်ရွက်နိုင်ကြပါစေ၊ မိမိတို့ပန်ဆင်အပ်သော ဗောဓိဆုမြတ်ဖြင့် အမတစခန်း နိဗ္ဗာန်နန်းသို့ စံမြန်းဝင်ရောက်နိုင်ကြပါစေဟု ဆုတောင်းပတ္ထနာပြုလျက် ဩဝါဒကထာကို နိဂုံးချုပ်အပ်ပါသည် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်အရှင်မြတ်တို့ဘုရား။ ။

❒ကျောဖုံးမှ

ပြုသွားကြရန်လည်းလိုပါကြောင်း၊ ဤခံယူချက်နှင့် အလေ့အကျင့်များ၊ ကျင့်စဉ်များကို မှန်ကန်စွာဆောင်ရွက်နေသော ကိုယ်စားလှယ်ကြီးများ၏ ဆောင်ရွက်ချက်များအား ဤလွှတ်တော်က မှတ်တမ်းတင်သွားမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ခေတ်ပြောင်း စနစ်ပြောင်းချိန်တွင် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့၏တာဝန်များကို တည်ဆဲဥပဒေများနှင့်အညီ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများ၊ အပြန်အလှန်ထိန်းကျောင်းမှုများဖြင့် မှန်ကန်စွာဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ လွှတ်တော်က မှတ်တမ်းတင်ဆောင်ရွက်သည်။

မေးခွန်းများမေးမြန်းခြင်းကဏ္ဍ၌ လွှတ်တော်ကိုယ်စားလှယ်(၂)ဦး၏ ဘဏ်လုပ်ငန်းဆိုင်ရာ မေးခွန်း(၂)ခုနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ပြန်လည်ဖြေကြားသည်။

ဒဂုံမြို့သစ်(မြောက်ပိုင်း)မှ ဒေါ်တင်နွယ်ဦး၏ **အငြိမ်းစားလစာထုတ်ယူရာတွင် ထိရောက်မြန်ဆန်စွာ ထုတ်ပေးနိုင်မည့် လုပ်ငန်းအစီအစဉ်များ ရှိ/မရှိနှင့် အငြိမ်းစားလစာငွေများအား ငွေစုဘဏ်စာရင်းသို့ လွှဲပြောင်းပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုကြောင်း**မေးခွန်းနှင့်စပ်လျဉ်း၍ ယခုအစိုးရသစ်လက်ထက်တွင် အငြိမ်းစားလစာထုတ်ယူရမည့်ရက်ကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီမှစ၍ လမကုန်မီ(၁၀)ရက်ထုတ်ပေးရန် ညွှန်ကြားထားပြီးဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ပင်စင်လစာထုတ်ယူရမည့်ရက် ပိုမိုလာသည်နှင့်အမျှ အငြိမ်းစားဝန်ထမ်းများ လစာထုတ်ယူရာတွင် ပိုမိုမြန်ဆန်လာမည်ဖြစ်ပါကြောင်း၊ ယခုအချိန်အထိ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲတွင် အငြိမ်းစားလစာထုတ်ယူနေသည့် အငြိမ်းစားဝန်ထမ်းပေါင်း (၇၄၂၅)ဦးရှိသည့်အတွက် ၎င်းတို့အနေဖြင့် ယခုပြင်ဆင်တိုးမြှင့်လိုက်သော လမကုန်မီ(၁၀)ရက်ဆိုသည့် ကာလအတွင်းတွင် နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ထုတ်ယူနိုင်မည်ဖြစ်ပါကြောင်း။

မြန်မာ့စီးပွားရေးဘဏ်မှ အငြိမ်းစားလစာများ စတင်ထုတ်ပေးသည့် ၁၉၇၂ ခုနှစ် အောက်တိုဘာမှစ၍ ဘဏ်တွင် ငွေစုဘဏ်စာရင်း သို့မဟုတ် စာရင်းရှင်စာရင်း ဖွင့်လှစ်ထားသူများအား ၎င်းတို့ဆန္ဒရှိပါက စာရင်းလွှဲပြောင်းထည့်သွင်းပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မိမိ၏ဘဏ်စာရင်းသို့ လွှဲပြောင်းထည့်ပေးနိုင်ပါကြောင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မြန်မာ့စီးပွားရေးဘဏ်၌လည်း အငြိမ်းစားဝန်ထမ်း (၇၀)ဦး၏တောင်းဆိုချက်အရ ၎င်းတို့၏ငွေစုဘဏ်စာရင်းများသို့ လစဉ်လွှဲပြောင်းထုတ်ပေးလျက်ရှိပါကြောင်း၊ မြန်မာ့စီးပွားရေးဘဏ်သည် နိုင်ငံတော်ဘဏ်တစ်ခုဖြစ်သည်နှင့်အညီ ဝင်ငွေရရှိရေးကို ပဓာနမထားဘဲ အစိုးရဘဏ်လုပ်ငန်းဆိုင်ရာများကို အဓိကထားကာ အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရေးအတွက် ဝန်ဆောင်မှုပေးလျက်ရှိပါကြောင်းဖြင့်ဖြေကြားသည်။

နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျိုဖုန်ဆားရ်၏ **နောင်မွန်းမြို့နယ်တွင် Fax ဖြင့် အမြန်ငွေပို့စနစ်ထားရှိရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ နောင်မွန်းမြို့နယ် ဘဏ်ငွေတိုက်ခွဲသည် အုပ်စု (ခ)တွင်ပါဝင်ပါကြောင်း၊ ငွေလွှဲလက်မှတ်ဖြင့် ငွေလွှဲပေးပို့ရာတွင် တစ်ကြိမ်လျှင်ငွေကျပ်(၁)သိန်းအထိသာ ကန့်သတ်ခွင့်ပြုထားပါကြောင်း၊ နောင်မွန်းမြို့နယ်တွင် ၂၀၁၀ ပြည့်နှစ်မှစ၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက Mobile ဖုန်းဆက်သွယ်ရေးစနစ် တပ်ဆင်ပေးခဲ့ပြီးဖြစ်ရာ ယခင်ကထက်များစွာ အဆင်ပြေလာသည်ကို သိရှိရပါကြောင်း၊ Fax ဖြင့် ငွေလွှဲလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက်လည်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ညှိနှိုင်းထားပြီးဖြစ်ပါကြောင်း၊ နောင်မွန်းဘဏ်ငွေတိုက်ခွဲတွင် မြန်မာ့စီးပွားရေးဘဏ်က CDMA Mobile တယ်လီဖုန်း (၁)လုံး တပ်ဆင်ထားပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် ငွေလွှဲပို့ခြင်း၊ လက်ခံခြင်းတို့ကို Fax စနစ်ဖြင့် ဆောင်ရွက်နိုင်ရန် စီစဉ်ပေးသွားမည်ဖြစ်ပါကြောင်း။

Fax ဖြင့် ငွေလွှဲလုပ်ငန်းကို လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်သော်လည်း နောင်မွန်းဘဏ်ငွေတိုက်ခွဲ၏ လက်ရှိအခြေအနေအရ ငွေကြေးလက်ကျန်ထားရှိခွင့်နှင့် ဘဏ္ဍာငွေသယ်ဆောင်နိုင်မှုတို့အပေါ် မူတည်ပြီး နောင်မွန်းဘဏ်ငွေတိုက်ခွဲမှ အခြားမြန်မာ့စီးပွားရေးဘဏ်ခွဲများသို့ Fax ဖြင့် ငွေလွှဲပေးပို့ခြင်းကိုသာ အကန့်အသတ်မရှိလွှဲပို့ဆောင်ရွက်ပေးနိုင်ဦးမည်ဖြစ်ပြီး တစ်ဖက်ဘဏ်မှ နောင်မွန်းဘဏ်ခွဲသို့ ငွေလွှဲပေးပို့ခြင်းအတွက် ယခင်အတိုင်း တစ်ကြိမ်လျှင် ကျပ်(၁)သိန်းအထိ ကန့်သတ်ချက်အတွင်း၌သာ ဆောင်ရွက်ပေးနိုင်ဦးမည်ဖြစ်ပါကြောင်း၊ ငွေကြေးသေတ္တာလက်ကျန်ကန့်သတ်ချက်ထားရှိခွင့် တိုးမြှင့်နိုင်ပြီး ဘဏ္ဍာငွေလွယ်ကူစွာသယ်ယူနိုင်မှုတို့ပေါ်မူတည်ပြီး ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကို တစ်ဆင့်ထက်တစ်ဆင့် တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်(၃)ဦး၏ အုပ်ချုပ်ရေးကဏ္ဍဆိုင်ရာ မေးခွန်း(၃)ခုနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုက ပြန်လည်ဖြေကြားသည်။

အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီး၏ **ဘုန်းတော်တိုးရပ်ကွက်ကို မန္တလေးမြို့တော်စည်ပင်သာယာရေးနယ်မြေအဖြစ် ပြောင်းလဲသတ်မှတ်ပေးပါရန် အစီအစဉ်ရှိ/မရှိသိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ၎င်း၏ကိုယ်စား အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦးက မေးမြန်းရာ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဘုန်းတော်တိုးရပ်ကွက်၏ စည်ပင်သာယာရေးလုပ်ငန်းများကို တပ်မြို့စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပေးလျက်ရှိသည်ကို သိရှိရပါကြောင်း၊ တပ်မြို့စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ ပြည်သူအများနေထိုင်သည့် အကွက်အမှတ်(၄၁)၊ (၄၂)၊ (၄၃)တို့ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အဖြစ် ပြောင်းလဲသတ်မှတ်ရေးမှာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဆောင်ရွက်ပေးရမည့်ကိစ္စဖြစ်ပါကြောင်း၊ ထိုသို့ ပြောင်းလဲသတ်မှတ်နိုင်ရန်အတွက် ကာကွယ်ရေးဝန်ကြီးဌာန၏ သဘောထားရယူ၍ ဆောင်ရွက်ရမည်ဖြစ်ပြီး သဘောတူညီချက်ရရှိသည့်အခါ တပ်မြေမှ အပ ပြည်သူအများနေထိုင်ရာမြေများကို အစိုးရစီမံခန့်ခွဲသောမြေအဖြစ် ကြေညာ၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသို့ မြေယာစီမံခန့်ခွဲပိုင်ခွင့် လွှဲပြောင်းပေးသွားရမည် ဖြစ်ပါကြောင်း။

မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေကို ၁၄-၁၁-၂၀၀၂ရက်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်သည့်အတွက် မန္တလေးမြို့တော်၏ မြေယာစီမံခန့်ခွဲမှုများကို ပြည်ထဲရေးဝန်ကြီးဌာနမှ စီမံခန့်ခွဲခြင်းမရှိတော့ပါကြောင်း၊ သို့ဖြစ်၍ စည်ပင်သာယာနယ်နိမိတ်အဖြစ် ပြောင်းလဲသတ်မှတ်ရေးအတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့က ကာကွယ်ရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

မြောင်မဲဆန္ဒနယ်မှ ဦးအုန်းငွေ၏ **မြေနုကျွန်းအငြင်းပွားမှုပြဿနာနှင့် ပတ်သက်၍ တည်ဆဲဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆုံးဖြတ်ချက်ချမှတ်ပေးပါရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် ရွှေပေါက်ပင်ကျေးရွာနှင့် မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ကျည်းကုန်းကျေးရွာတို့ရှိ ရွာသူရွာသားများသည် ဧရာဝတီမြစ်ကြီး၏မြေနုကျွန်းပေါ်များတွင် စိုက်ပျိုးလုပ်ကိုင်မှုနှင့် ပတ်သက်၍ ၂၀၀၇ ခုနှစ်မှစ၍ နယ်မြေအငြင်းပွားမှုများ ဖြစ်ပေါ်ခဲ့ပါကြောင်း၊ ထိုသို့အငြင်းပွားရာတွင် နှစ်ဖက်တောင်သူများအကြား အုပ်စုဖွဲ့ခိုက်ရန်ဖြစ်ပွားခဲ့ကြပြီး ထိခိုက်ဒဏ်ရာရရှိခဲ့မှုကြောင့် သက်ဆိုင်ရာဒေသအာဏာပိုင်များ၏ အစီအစဉ်ဖြင့် ဝင်ရောက်ဖြေရှင်း ထိန်းသိမ်းပေးခဲ့ရပါကြောင်း။

ထိုသို့ သက်ဆိုင်ရာဒေသအာဏာပိုင်များ၏ ညှိနှိုင်းပေးထားခဲ့မှုအရ လည်းကောင်း၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန(ရုံးချုပ်)နှင့် မြေစာရင်းဦးစီးဌာနအဆင့်ဆင့်တို့က တိုင်းတာသတ်မှတ်ပေးထားမှုအရ လည်းကောင်း၊ နှစ်ဖက်ခရိုင်နှင့်မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၏ ညှိနှိုင်းပေးထားမှုများအရ လည်းကောင်း စစ်ကိုင်းခရိုင် မြောင်မြို့နယ်နှင့် မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ်တို့၏ မြေနုကျွန်းပေါ်အငြင်းပွားမှုထပ်မံမဖြစ်ပေါ်စေရေး နယ်နိမိတ်များကို စနစ်တကျတိုင်းတာသတ်မှတ်ပေးထားပြီး ဖြစ်ပါကြောင်း၊ မြေပုံထုတ် တိုင်းတာသတ်မှတ်ပေးထားပြီးဖြစ်သော နယ်နိမိတ်များအတွင်း တစ်ဖက်နှင့်တစ်ဖက် ကျူးကျော်ဝင်ရောက်လုပ်ကိုင်မှုမရှိစေရေးမှာ ကျေးရွာများရှိ တောင်သူများ၏ အလေးဂရုပြုစောင့်ထိန်းလိုက်နာဆောင်ရွက်မှုအပေါ်တွင် မူတည်သည့်အတွက် အငြင်းပွားမှု ထပ်မံမဖြစ်စေရေး တောင်သူများကသာ စည်းကမ်းတကျလိုက်နာထိန်းသိမ်း၍ ဆောင်ရွက်သွားရန်မှာအရေးကြီးပါကြောင်း၊ တိုင်းတာသတ်မှတ်၍ နယ်နိမိတ်ခွဲခြားထားပေးပြီးဖြစ်သည့် မြေနုကျွန်းမြေဧရိယာများကို ဝင်ရောက်ကျူးကျော်လုပ်ကိုင်ပါက တည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်းနှင့်အညီ နစ်နာသူက တရားလိုပြုလုပ်၍ တရားရုံးအဆင့်ဆင့်တွင် တရားစွဲဆိုပြီး မှန်ကန်သည့် အဆုံးအဖြတ်ကို ရယူနိုင်ပါကြောင်းဖြင့် ဖြေကြားသည်။

ချီဖွေမဲဆန္ဒနယ်မှ ဦးဇုံးတိန့်၏ **အုပ်ချုပ်ရေးကဏ္ဍနှင့် ပြည်သူတစ်ဦးချင်းအကြား အငြင်းပွားမှု၊ မကျေနပ်မှု၊ ဆုံးရှုံးနစ်နာမှုများကို တရားမျှတစွာ ကြားနာဆုံးဖြတ်ပေးနိုင်သော အုပ်ချုပ်ရေးဆိုင်ရာတရားရုံး (Administrative Court) ဖွဲ့စည်းချမှတ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူတို့၏ ရပိုင်ခွင့် အခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရေးအတွက် အကာအကွယ်ပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ အုပ်ချုပ်ရေးယန္တရား၌ ဖြစ်ပေါ်လေ့ရှိသော လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုနှင့် မလျော်ဩဇာကျင့်သုံးမှု စသည်တို့နှင့် ပတ်သက်၍ ပြဋ္ဌာန်းထားရှိပြီးဖြစ်သည့် ဝန်ထမ်းစည်းကမ်းထိန်းသိမ်းရေး စည်းမျဉ်းစည်းကမ်းဥပဒေအရ လည်းကောင်း၊ တည်ဆဲဥပဒေအရ လည်းကောင်း အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း။

ဝန်ထမ်းတစ်ဦး၏ တာဝန်ဝတ္တရားဆောင်ရွက်မှုသည် လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုကို ထိခိုက်နစ်နာစေပါက နစ်နာသူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက အဆိုပါဝန်ထမ်း၏ အထက်ဌာနဆိုင်ရာအကြီးအကဲအဆင့်ဆင့်အား တိကျမှန်ကန်စွာ တိုင်ကြားနိုင်ပါကြောင်း၊ တိုင်ကြားချက်မှန်ကန်ပါက အဆိုပါဝန်ထမ်းအား ဝန်ထမ်းဆိုင်ရာပြစ်ဒဏ်အမျိုးအစားအလိုက် အရေးယူဆောင်ရွက်ရပါကြောင်း၊ ထို့မှုမက ပြစ်ဒဏ်ကြီးမားကြောင်း စစ်ဆေးပေါ်ပေါက်လျှင် သက်ဆိုင်ရာတရားရုံးများတွင် တရားစွဲဆိုခံရခြင်း၊ ပြစ်မှုပြစ်ဒဏ် ထင်ရှားပါက ဥပဒေနှင့်အညီ တရားစီရင်ခြင်း ပြစ်ဒဏ်ကိုပါ ခံယူရမည်ဖြစ်ပါကြောင်း။

နိုင်ငံသားတစ်ဦးသည် စီမံခန့်ခွဲရေးနှင့်တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကြောင့် မိမိ၏ နိုင်ငံသားအခွင့်အရေး နစ်နာဆုံးရှုံးမှုများရှိပါက စာချွန်တော်အမိန့်များကို လျှောက်ထားရယူနိုင်ပါကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင်

ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေဆိုင်ရာကော်မတီဥက္ကဋ္ဌ သူရဦးအောင်ကို အဆိုတင်သွင်းစဉ်။ (သတင်းစဉ်)

မြောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းငွေ မေးမြန်းစဉ်။ (သတင်းစဉ်)

လည်း ယင်းသို့စာချွန်တော် အမိန့်လျှောက်ထားလာမှုများအပေါ် စစ်ဆေးကြားနာဆောင်ရွက်ပေးလျက်ရှိပါသဖြင့် နစ်နာဆုံးရှုံးသူနိုင်ငံသားအတွက် ဥပဒေအရ ကုစားမှုများရှိပြီး ဖြစ်ပါကြောင်း၊ အုပ်ချုပ်ရေးဆိုင်ရာတရားရုံးများ (Administrative Courts) ဖွဲ့စည်းပေးရန် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားခြင်းမရှိသည်ကို တွေ့ရှိရပါကြောင်း။

သို့ဖြစ်၍ အုပ်ချုပ်ရေးကဏ္ဍနှင့် ပြည်သူတစ်ဦးချင်းအကြား အငြင်းပွားမှု၊ မကျေနပ်မှု၊ ဆုံးရှုံးနစ်နာမှုများကို တရားမျှတစွာ ကြားနာဆုံးဖြတ်ပေးနိုင်သော တည်ဆဲဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများ ရှိပြီးဖြစ်သည့်အတွက် အုပ်ချုပ်ရေးဆိုင်ရာတရားရုံး ထပ်မံဖွဲ့စည်းချမှတ်ဆောင်ရွက်ပေးရန် လိုအပ်မည်မဟုတ်ပါကြောင်းနှင့် နစ်နာဆုံးရှုံးသူပြည်သူများအနေဖြင့် အဆိုပါတည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီသာ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းအဆင့်ဆင့်သို့ မှန်ကန်စွာ တင်ပြဆောင်ရွက်သွားရန်သာ လိုအပ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်(၂)ဦး၏ ပညာရေးကဏ္ဍဆိုင်ရာ မေးခွန်း(၃)ခုနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ပြန်လည်ဖြေကြားသည်။

ဘုတလင်မဲဆန္ဒနယ်မှ ဦးသန်းနွယ်၏ **၂၀၁၂-၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်ပညာသင်ထောက်ပံ့ကြေးများပေးရာတွင် ယနေ့ခေတ်ကာလနှင့် လျော်ညီစွာ ထောက်ပံ့ချီးမြှင့်ငွေများ တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်တိုးမြှင့်ပေးပါက ယခုပညာသင်ထောက်ပံ့ကြေးခံစားနေသော ကျောင်းသား ကျောင်းသူများပါ ချီးမြှင့်သည့်နှုန်းထားအတိုင်း ခံစားခွင့်ရှိ/မရှိ သိရှိလိုကြောင်း**မေးခွန်းနှင့် **မြန်မာ့တက္ကသိုလ်အသီးသီးတွင် ကိုယ်ပိုင် Website များထားရှိရန် အစီအစဉ်ရှိ/မရှိသိရှိလိုကြောင်း** မေးခွန်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်အတွက် အရည်အချင်းပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ လေ့ကျင့်မွေးထုတ်ပေးနိုင်ရန် တက္ကသိုလ်ပညာသင်ဆုချီးမြှင့်ပေးနိုင်ရေးအတွက် တက္ကသိုလ်စာမေးပွဲတွင် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် သိပ္ပံဘာသာတွဲအုပ်စုတွင် ပထမရရှိသူ(၁၄)ဦးနှင့် ဝိဇ္ဇာဘာသာတွဲအုပ်စုတွင် ပထမရရှိသူ(၁၄)ဦး စုစုပေါင်း(၂၈)ဦးကို စိစစ်ရွေးချယ်၍ တက္ကသိုလ်ပညာသင်ဆုများကို လည်းကောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာအရ တက္ကသိုလ်ဝင်စာမေးပွဲတွင် အဆင့်(၁)မှ(၁၀)အတွင်း ထူးချွန်စွာအောင်မြင်ကြသည့် သိပ္ပံဘာသာတွဲမှ ကျောင်းသား ကျောင်းသူ(၁၀)ဦးနှင့် ဝိဇ္ဇာဘာသာတွဲမှ ကျောင်းသား ကျောင်းသူ (၁၀)ဦးတို့ကို နိုင်ငံတော်၏ အစီအစဉ်ဖြင့် သီးခြားဂုဏ်ပြုဆုများကို လည်းကောင်း ချီးမြှင့်ပေးသွားမည်ဖြစ်ပါကြောင်း။

၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစတင်၍ အဆင့်မြင့်ပညာအဆင့်တွင် (၁)နှစ်လျှင် (၁၀)လအတွက် ချီးမြှင့်သွားမည့် ပညာသင်ဆုများမှာ ကျန်းမာရေးဝန်ကြီးဌာနရှိ ဆေးတက္ကသိုလ် သို့မဟုတ် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်သို့ တက်ရောက်သူအတွက် လစဉ်ချီးမြှင့်ငွေကျပ်(၁)သိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနရှိ တက္ကသိုလ်/ကောလိပ်သို့ တက်ရောက်သူအတွက် လစဉ်ချီးမြှင့်ငွေကျပ်(၈)သောင်း၊ ဆေးတက္ကသိုလ်နှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်မှအပ ကျန်းမာရေးဝန်ကြီးဌာနရှိ ကျန်တက္ကသိုလ်များ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနတို့ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များသို့ တက်ရောက်သူအတွက် လစဉ်ချီးမြှင့်ငွေကျပ်(၇)သောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များသို့ တက်ရောက်သူအတွက် လစဉ်ချီးမြှင့်ငွေကျပ် (၅)သောင်းတို့ဖြစ်ပါကြောင်း၊ တက္ကသိုလ်ပညာသင်နှစ်စတင်ချိန်တွင် ကြိုတင်ပြင်ဆင်စရိတ်အဖြစ် တစ်ဦးလျှင် ငွေကျပ်(၁)သိန်းစီ ချီးမြှင့်မည်ဖြစ်ပါကြောင်း။

ဒုတိယမေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ်အသီးသီးတွင် ကိုယ်ပိုင် Website များထားရှိရန် လောလောဆယ် အစီအစဉ်မရှိသေးသော်လည်း တက္ကသိုလ်၊ ဒီဂရီကောလိပ်များအားလုံးတွင် internet, e-mailတို့ကို အသုံးပြုလျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း၏ **အစိုးရသစ်လက်ထက်တွင် ပညာရေးအညွှန်းကိန်းများစိစစ်ခြင်းနှင့်ပတ်သက်၍ မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်သွားမည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားပညာရည်မြင့်မားရေး နှစ်(၃၀)နှစ်ရှည်စီမံကိန်းကို ၂၀၀၁-၂၀၀၂ ဘဏ္ဍာရေးနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပညာရေးနှစ်တိုနှစ်ရှည် စီမံကိန်းများအောင်မြင်စေရန်အတွက် အခြေခံပညာကဏ္ဍတွင် အခြေခံပညာကျောင်းများစစ်ဆေးခြင်းနှင့် အဆင့်မြင့်ပညာကဏ္ဍတွင် တက္ကသိုလ်၊ ကောလိပ်များ စစ်ဆေးခြင်းလုပ်ငန်းများသည် အဓိကကဏ္ဍမှပါဝင်လျက် ရှိပါကြောင်း။

အခြေခံပညာကျောင်းများကို စစ်ဆေးရာတွင် အရည်အသွေးဆိုင်ရာ သတ်မှတ်ချက်(၇)ချက်၊ အသွင်သဏ္ဌာန်ဆိုင်ရာ သတ်မှတ်ချက်(၅)ချက် စုစုပေါင်း(၁၂)ချက်ဖြင့် လည်းကောင်း၊ ပညာရေးကောလိပ်များကို အရည်အသွေးဆိုင်ရာ သတ်မှတ်ချက်(၇)ချက်၊ အသွင်သဏ္ဌာန်ဆိုင်ရာသတ်မှတ်ချက်(၅)ချက် စုစုပေါင်း (၁၂)ချက်ဖြင့် လည်းကောင်း၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များကို အရည်အသွေးဆိုင်ရာသတ်မှတ်ချက်(၈)ချက်၊ စီမံခန့်ခွဲမှုဆိုင်ရာသတ်မှတ်ချက်(၄)ချက် စုစုပေါင်း (၁၂)ချက်ဖြင့် လည်းကောင်း ပညာရေးအညွှန်းကိန်းများကို စစ်ဆေးဆောင်ရွက်လျက် ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

အဆိုတင်သွင်းခြင်းကဏ္ဍ၌ ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်သိမ်းက **ကညနအပါအဝင် မော်တော်ယာဉ်တင်သွင်းမှုဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းများအား ယာယီယာဉ်မှတ်ပုံတင်ခကို လိုင်စင်မဲ့တရားမဝင်ယာဉ်များကဲ့သို့ ဒဏ်ကြေးသဖွယ် ကျင့်သုံးနေသည့် လုပ်ထုံးလုပ်နည်းများအားရပ်ဆိုင်းကာ ဥပဒေနှင့်အညီ ပြန်လည်သုံးသပ်ဆောင်ရွက်နိုင်ပါရန် တိုက်တွန်းကြောင်း** အဆို၊ ပြည်သူ့လွှတ်တော်တရားစီရင်ရေးနှင့် ဥပဒေရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ သူရဦးအောင်ကိုက **The Arbitration (Protocol and Convention) Act (Act No.VI,1937) (19th January, 1937) ကို ပြင်ဆင်ရန်**အဆိုတို့ကို တင်သွင်းကြသည်။

ဦးမောင်မောင်သိမ်း၏ အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်သို့တိုက်ရိုက်တင်ပြခြင်းမပြုမီ ပြည်သူ့လွှတ်တော်ဆိုင်ရာကော်မတီများအနေဖြင့် သက်ဆိုင်ရာတာဝန်ရှိသည့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်ရန်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

သူရဦးအောင်ကို၏ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးမည့်ရက် ထပ်မံကြေညာမည်ဖြစ်ပြီး ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ယနေ့ညနေပိုင်းတွင် အမည်စာရင်းတင်သွင်းကြရန်ဖြစ်ကြောင်း သိရသည်။

ယနေ့အစည်းအဝေးကို မွန်းလွဲ ၁၂ နာရီ ၅၅ မိနစ်တွင်ရပ်နားပြီး အစည်းအဝေးနဝမနေ့ ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ခြေကျင်လျှောက်သူများ သတိပြုလိုက်နာရန်

(၁) လမ်းညွှန်၊ လမ်းအမှတ်အသားများအတိုင်း လိုက်နာရမည်။
(၂) ယာဉ်ထိန်းရဲရှိလျှင် ၎င်း၏ညွှန်ပြချက်အတိုင်း လိုက်နာရမည်။
(၃) စင်္ကြံ(သို့မဟုတ်)သတ်မှတ်ထားသောလမ်းရှိလျှင် ထိုနေရာများပေါ်မှ သွားရမည်။
(၄) စင်္ကြံမရှိလျှင် လမ်း၏ဝဲဘက်နံဘေးမှကပ်၍ ယာဉ်ကြောကိုမျက်နှာမူပြီး လျှောက်ရမည်။
(၅) ဘတ်စ်ကားစီးလိုလျှင် သတ်မှတ်ထားသောနေရာမှ စီးရမည်။ ဆင်းရမည်။
(၆) လမ်းမပိတ်ဆို့ရ၊ ရင်ပေါင်တန်းမလျှောက်ရ။
(၇) မီးသတ်ယာဉ်၊ သူနာတင်ယာဉ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ယာဉ် စသည့် အရေးကြီးယာဉ်တို့အချက်ပေးလာလျှင် ၎င်းယာဉ်များကို ဦးစားပေး၍ လမ်းပေါ်မှ အမြန်ဖယ်ရမည်။
(၈) လူကူးရန်ရေးဆွဲထားသည့် နေရာများမှသာ လမ်းဖြတ်ကူးရမည်။
(၉) လမ်းကို ကန့်လန့်ဖြတ်တည့်တည့်ကူးပါ။ လမ်းပေါ်အလျားလိုက် မျှော၍ မကူးရ။
(၁၀) သတ်မှတ်ထားသည့်နေရာများမှ ဖြတ်ကူးလျှင် လက်ယာဘက်ခြမ်းမှ ဖြတ်ကူးပါ။
(၁၁) လမ်းဆုံတွင် ခွင့်ပြုမထားလျှင် ထောင့်ဖြတ်မကူးရ။
(၁၂) ယာဉ်အတွက် မီးစိမ်းပြနေသည့်လမ်းကို မဖြတ်ကူးရ။
(၁၃) ခြေကျင်လျှောက်သူများအတွက် သီးခြားအချက်ပြရှိလျှင် ထိုအချက်ပြမီးက ခွင့်ပြုမှလမ်းဖြတ်ကူးပါ။
(၁၄) မြင်ကွင်းကွယ်နေသောနေရာမှ လမ်းပေါ်သို့ ရုတ်တရက်ထွက်လာခြင်း၊ လမ်းဖြတ်ကူးခြင်းမပြုရ။
(၁၅) အုပ်ထိန်းသူမပါဘဲ အသက် (၆)နှစ်နှင့်အောက်ကလေးများ လမ်းပေါ်တွင် သွားလာခြင်းမရှိစေရ။
(၁၆) လမ်းဖြတ်ကူးခွင့်ပြုသည့်နေရာမှ လမ်းဖြတ်ကူးသူများကို အနှောင့်အယှက်ဖြစ်စေရန် စင်္ကြံပေါ်တွင် ရပ်မနေရ။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

❍ ပထမအကြိမ်အမျိုးသားလွှတ်တော်မှ

တောပျက်ခြင်းနှင့် တောများအဆင့်အတန်း နိမ့်ကျခြင်းများမှ ထွက်ရှိလာသော ဓာတ်ငွေ့များအား လျှော့ချခြင်းလုပ်ငန်းစဉ်များ ဖွံ့ဖြိုးပေါ်ပေါက်လျက်ရှိရာ နိုင်ငံတကာ အဖွဲ့အစည်းများ၏ နည်းပညာပံ့ပိုးမှု၊ ပူးပေါင်းပါဝင်မှုများကိုရယူလျက် ပဲခူးရိုးမ ဧရိယာတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုရီးယားနိုင်ငံ သစ်တောစီမံအုပ်ချုပ်မှုဌာနနှင့် လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ အပူပိုင်းဒေသ သစ်နှင့်ပတ်သက်သည့် အဖွဲ့အစည်းနှင့်လည်းကောင်း ပူးပေါင်းပြီး လူ့စွမ်းအားအရင်း အမြစ်ဖွံ့ဖြိုးရေးဆိုင်ရာ သင်တန်းများဖွင့်လှစ်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်း၊ ပြည်ပနိုင်ငံများမှ နည်းပညာရယူခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ UN-REDD Programme နှင့်လည်း ပူးပေါင်းပြီး ရှေ့ပြေးစီမံကိန်းများရေးဆွဲခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ဒုတိယမေးခွန်းဖြစ်သည့် **ပဲခူးတိုင်းဒေသကြီးမှ နှစ်စဉ် ကျွန်းနှင့် သစ်မာ ထုတ်လုပ်မှုသည် အခြားတိုင်းဒေသကြီး/ပြည်နယ်များထက် ကျော်လွန်ထုတ်လုပ်လျက်ရှိနေမှုများ**နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးမှ သစ်ထုတ်ယူမှုသည် ပျမ်းမျှအားဖြင့် တစ်နိုင်ငံလုံးတွင် ထုတ်ယူခဲ့သည့်ပမာဏ၏ (၂၅)ရာခိုင်နှုန်းခန့်ရှိခဲ့ပါကြောင်း၊ ထာဝစဉ်ညီ သစ်တောစီမံခန့်ခွဲမှုအခြေခံထားသည့် နှစ်စဉ်တောထွက်ထက် ကျော်လွန်နေပါကြောင်း၊ ၂၀၁၂-၂၀၁၃ ခုနှစ်မှစတင်ပြီး သစ်ထုတ်လုပ်မှုလျှော့ချကာ အနားပေးမည့် သစ်တောများသတ်မှတ်ခြင်း၊ ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရန် အစီအစဉ်များရေးဆွဲပြီး အလေးထားဆောင်ရွက်လျက်ရှိရာ ပဲခူးရိုးမသည် ဦးစားပေးဧရိယာ တစ်ခုအဖြစ် ပါဝင်ရန်ရှိပါကြောင်း။

တတိယမေးခွန်းဖြစ်သည့် **ကျွန်းနှင့်သစ်မာထုတ်လုပ်ခြင်းကို ပဲခူးတိုင်းဒေသကြီး ကိုသာ ဦးစားပေးထုတ်လုပ်နေခြင်းမှ ဖြေလျှော့လျက် အခြားတိုင်းဒေသကြီး/ပြည်နယ်များတွင် မျှဝေလုပ်ကိုင်စေမည့် အစီအစဉ် ရှိ/မရှိ** နှင့် ပတ်သက်ပြီး ပဲခူးတိုင်းဒေသကြီး တစ်ခုတည်းသာမက ကျန်တိုင်းဒေသကြီး/ ပြည်နယ်များတွင်လည်း သစ်ထုတ်လုပ်မှုအား လျှော့ချခြင်း၊ တစ်နေရာတည်းမှ သစ်အများအပြား ထုတ်လုပ်မှုကို စိစစ်ချိန်ဆထိန်းညှိခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ပဲခူးတိုင်းဒေသကြီးတွင် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောစိုက်ခင်း တည်ထောင်ခြင်းအနေဖြင့် ကျေးရွာပေါင်း (၆)ရွာမှ အသုံးပြုသူအဖွဲ့ (၆)ဖွဲ့ဖြင့် မြေဧရိယာ (၅၈၂ ဒသမ ၅)ဧကအား ခွင့်ပြုစိုက်ပျိုး ထုတ်လုပ်အသုံးပြုစေလျက်ရှိပါကြောင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းတည်ထောင်ခြင်းကို ပြည်သူများ ပိုမိုပူးပေါင်းဆောင်ရွက်လာစေရန် ယခုထက်တိုးချဲ့စည်းရုံးအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်ကိုလည်း ညွှန်ကြားချက်အဆင့်သာမက နည်းဥပဒေအရဆောင်ရွက်နိုင်မည့်အဆင့်သို့ရောက်ရှိအောင် ရှေ့နေချုပ်ရုံးသို့ တင်ပြထားပြီး ဖြစ်ပါကြောင်း၊ ထို့ပြင် ဆက်စပ်ဝန်ကြီးဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းပြီး ဒေသခံပြည်သူများအနေနှင့် ယခုထက်ပိုမိုလွယ်ကူ မြန်ဆန်ထိရောက်စွာလုပ်ကိုင်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ပဲခူးတိုင်းဒေသကြီး သစ်တော/သစ်ထုတ်ကဏ္ဍ အထူးလေ့လာမှုပြု တိုင်းဒေသကြီးအဖြစ် စဉ်းစားသုံးသပ်သည့် အချက်နှင့်ဆက်စပ်ပြီး အလားတူ ကျန်တိုင်းဒေသကြီး/ပြည်နယ်များတွင်လည်း စီမံဆောင်ရွက်ချက်များ ရှိ/မရှိ မေးခွန်းနှင့် ပတ်သက်၍ ပဲခူးတိုင်းဒေသကြီးသာမက ကျန်တိုင်းဒေသကြီး/ပြည်နယ်များတွင်လည်း သစ်ထုတ်လုပ်မှုအား စိစစ်လျှော့ချခြင်း၊ ပြည်တွင်းလိုအပ်ချက်အပေါ်ကိုသာ ချိန်ဆထုတ်လုပ်ခြင်း၊ အနားပေးသင့်သည့် သစ်တောများအား စိစစ်ရွေးချယ်အနားပေးပြုစုထိန်းသိမ်းခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်က **"လေထုတွင် ကာဗွန်ဒိုင်အောက်ဆိုက်ပါဝင်မှု အစဉ်မပြတ်စစ်ဆေးမှု ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတွင် လေထုညစ်ညမ်းမှု ထိန်းသိမ်းရေးအတွက် ဆောင်ရွက်ချက်များအနေဖြင့် ရေခဲသေတ္တာ၊ မော်တော်ယာဉ်၊ လေအေးစက်နှင့် အအေးခန်းများတွင် အအေးပေးပစ္စည်းအဖြစ်အသုံးပြုသည့် ကလိုရိုဖလူရိုကာဗွန် တင်သွင်းသုံးစွဲမှုကို အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ၂၀၁၀ ပြည့်နှစ်တွင် ရပ်ဆိုင်းရမည်ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့်လည်း ၂၀၀၆ ခုနှစ်မှစ၍ ရပ်ဆိုင်းခဲ့ပြီး ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် အအေးပေးပစ္စည်းစီမံခန့်ခွဲရေးစီမံကိန်း အကောင်အထည်ဖော်မှုများကို စောင့်ကြပ်ကြည့်ရှုရေး လုပ်ငန်းစီမံကိန်းနှင့် အိမ်သုံးရေခဲသေတ္တာများမှ ကလိုရိုဖလူရိုကာဗွန်ကို ပြန်လည်ထုတ်ယူ၍ ပြုပြင်သုံးစွဲရေးလုပ်ငန်းစီမံကိန်းတို့ကို အကောင်အထည်ဖော်ခဲ့ပြီးဖြစ်ပါကြောင်း၊ အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများသုံးစွဲမှု လျှော့ချရပ်ဆိုင်းရေးဆိုင်ရာလုပ်ငန်းအစီအစဉ်နှင့် အမျိုးသားအိုဇုန်းယူနစ်တစ်ရပ်ကို တည်ထောင်သည့် ဖွံ့စည်းမှုအင်အား ဖြည့်ဆည်းရေးလုပ်ငန်းစီမံကိန်းနှင့် အအေးပေးပစ္စည်း စီမံခန့်ခွဲရေးလုပ်ငန်း စီမံကိန်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

အိုဇုန်းစည်းမျဉ်းဥပဒေမူကြမ်းနှင့် ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန် အဆင့်ဆင့် လျှော့ချရပ်ဆိုင်းရေး မူကြမ်းတို့ကို ရေးဆွဲပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ မြို့ကြီးများတွင် လေထုညစ်ညမ်းမှုအခြေအနေကို စိစစ်နိုင်ရန်အတွက် ၂၀၀၈ ခုနှစ်မှစ၍ လေထုညစ်ညမ်းမှုတိုင်းတာရေးစက်ဖြင့် ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်၊ နေပြည်တော်နှင့် တာချီလိတ်မြို့တို့တွင် လေအရည်အသွေးကို စမ်းသပ်တိုင်းတာ မှတ်တမ်းတင်ခဲ့ပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်း၍ ရန်ကုန်မြို့၏ လေအရည်အသွေး အခြေအနေကို ပထမအကြိမ် တိုင်းတာစဉ်က နမူနာဧရိယာများအဖြစ် ရောင်းဝယ်ဖောက်ကားသည့် ဧရိယာ၊ လူနေဧရိယာနှင့် စက်မှုဇုန်ဧရိယာဟူ၍ (၃)နေရာသတ်မှတ်ပြီး လေထုထဲတွင် အမှုန်အမွှား၊ အချင်းမိုက်ခရွန် (၁၀)ထက်ငယ်သောအမှုန်၊ ဆာလဖာဒိုင်အောက်ဆိုက်နှင့် နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်တို့ပါဝင်မှု အခြေအနေတို့ကို မှတ်တမ်းတင်နိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာကွန်ဗင်းရှင်းကို ၁၉၉၄ ခုနှစ်တွင် လက်မှတ်ရေးထိုး၍လည်းကောင်း၊ ကွန်ဗင်းရှင်း၏ ကျိုတိုနောက်ဆက်တွဲ စာချုပ်ကို ၂၀၀၃ ခုနှစ်တွင် လက်မှတ်ရေးထိုး၍ လည်းကောင်း အဖွဲ့ဝင်အဖြစ်ပါဝင်ခဲ့ပြီး စီမံကိန်းများကို ဆောင်ရွက်ခဲ့ပါကြောင်း။

အာရှဖွံ့ဖြိုးမှုဘဏ်၏အကူအညီဖြင့် အာရှဒေသ မှန်လုံအိမ်ဓာတ်ငွေ့လျှော့ချရေး မဟာဗျူဟာ စီမံချက်ကို အာရှဒေသ (၁၂)နိုင်ငံနှင့်အတူ ပါဝင်ဆောင်ရွက်ခဲ့ပြီး မှန်လုံအိမ်ဓာတ်ငွေ့ တိုင်းတာမှုလုပ်ငန်းများကို စွမ်းအင်ကဏ္ဍ၊ မြေအသုံးချမှုပြောင်းလဲခြင်းနှင့် သစ်တောကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍများအလိုက် ၁၉၉၀ ပြည့်နှစ်ကို အခြေခံနှစ်အဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ၏ မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုမှာ တန်(၄၁ ဒသမ ၅)သန်းခန့်ရှိပြီး ၂၀၀၅ ခုနှစ်တွင် တန်(၆၂)သန်းခန့်အထိ တိုးမြင့်နိုင်ကြောင်းကိုသိရှိရပါကြောင်း၊ သို့ဖြစ်၍ ၁၉၉၀ ပြည့်နှစ် ကိန်းဂဏန်းအရ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုမှာ လူဦးရေအချိုးနှင့် တွက်ချက်ပါက တစ်နှစ်လျှင် လူတစ်ဦးထုတ်လွှတ်မှုမှာ တစ်တန်ထက်နည်းပါးကြောင်းကိုတွေ့ရှိရပြီး မဲခေါင်ဒေသခွဲနိုင်ငံများနှင့် နှိုင်းယှဉ်ပါက နည်းပါးသည်ကို တွေ့ရှိရပါကြောင်း။

ထို့ပြင် ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်နှင့် ကမ္ဘာ့ပတ်ဝန်းကျင်အစီအစဉ်တို့၏ အကူအညီဖြင့် ၂၀၀၈ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့သည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကနဦး အမျိုးသားအစီရင်ခံစာပြုစုရေးစီမံကိန်း၏ မှန်လုံဓာတ်ငွေ့တိုင်းတာ စာရင်းကောက်ယူခြင်းလုပ်ငန်းများကို စွမ်းအင်ကဏ္ဍ၊ စက်မှုကဏ္ဍ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၊ မြေအသုံးချမှုပြောင်းလဲခြင်းနှင့် သစ်တောကဏ္ဍ၊ စွန့်ပစ်ပစ္စည်းကဏ္ဍများအလိုက် ဆောင်ရွက်ခဲ့ပြီး သက္ကရာဇ်၂၀၀၀ ပြည့်နှစ်ကို အခြေခံနှစ်အဖြစ် သတ်မှတ်ခဲ့ပါကြောင်း၊ အဆိုပါ ကိန်းဂဏန်းများအရ စွမ်းအင်ကဏ္ဍမှ မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုမှာ တန်(၇ ဒသမ ၈၆)သန်းရှိပြီး ၂၀၀၅ ခုနှစ်တွင် တန်(၈ ဒသမ ၂၁)သန်းထိ တိုးမြင့်လာနိုင်ကြောင်းနှင့် စက်မှုကဏ္ဍမှ မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုမှာ တန်(၀ ဒသမ ၄၆)သန်းရှိပြီး ၂၀၀၅ ခုနှစ်တွင် တန်(၀ ဒသမ ၅၁)သန်းထိ တိုးမြင့်လာနိုင်ကြောင်းကို တွေ့ရှိရပါကြောင်း၊ ၂၀၀၀ ပြည့်နှစ်တွင်ရှိသော မြန်မာနိုင်ငံ၏ မှန်လုံအိမ်ဓာတ်ငွေ့စုပ်ယူမှုပမာဏမှာ တန် (၇၄ ဒသမ ၃၅၈) သန်းရှိပြီး သစ်တောများမှ မှန်လုံအိမ်ဓာတ်ငွေ့စုပ်ယူမှုပမာဏမှာ တန်(၁၄၂ ဒသမ ၂၂၁)သန်းရှိပါကြောင်း၊ ထို့ကြောင့် အဆိုပါကာလအထိ မြန်မာနိုင်ငံသည် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထုတ်လွှတ်မှုထက် စုပ်ယူမှုကများနေသည့်နိုင်ငံအဖြစ် ရပ်တည်နေပါကြောင်း။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် မှန်လုံအိမ်ဓာတ်ငွေ့ တိုင်းတာစာရင်းကောက်ယူခြင်း လုပ်ငန်းသည် နည်းပညာရပ်ဆိုင်ရာ အခက်အခဲများ၊ ကုန်ကျစရိတ်များပြားခြင်းကြောင့် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုပမာဏကို နှစ်စဉ်အစီရင်ခံနိုင်ရန် အခက်အခဲရှိပါသဖြင့် မြန်မာနိုင်ငံတွင် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု တိုင်းတာခြင်းလုပ်ငန်းများကို အခြားဖွံ့ဖြိုးဆဲနိုင်ငံများနည်းတူ နည်းပညာနှင့်ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ နှစ်အပိုင်းအခြားအလိုက်သာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်(၆)ဦးတို့က ကျန်းမာရေးကဏ္ဍဆိုင်ရာ မေးခွန်းများကို မေးမြန်းကြရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က ပြန်လည်ဖြေကြားသည်။

ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှိုင်ဦး၏ **"လပွတ္တာမြို့ ခုတင်(၂၀၀)ဆံ့ဆေးရုံကြီးတွင် လိုအပ်နေသော သွားဘက်ဆိုင်ရာဆရာဝန်၊ လက်ထောက်ဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများအား ထိုက်သင့်သည့် အင်အားတစ်ရပ်အထိ ဖြည့်ဆည်းပေးရေးနှင့် ဆေးရုံသုံးပစ္စည်းများ ချထားပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ လပွတ္တာပြည်သူ့ဆေးရုံကြီးတွင် လက်ထောက်ဆရာဝန် အထူးကု(၃)ဦးနှင့် လက်ထောက်ဆရာဝန်(၄)ဦး စုစုပေါင်း (၇)ဦး လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိပြီး လစ်လပ်လျက်ရှိသည့် သွားဘက်ဆိုင်ရာ ဆရာဝန်(၁)ဦးအား အရာထမ်းလောင်းအခြေခံသင်တန်းများသို့ တက်ရောက်နေသော သစ်လွင်ဆရာဝန်များ သင်တန်းအောင်မြင်ပြီးဆုံးချိန် သတင်းပေးပို့လာပါက ဦးစားပေး

ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှိုင်ဦး မေးမြန်းစဉ်။ (သတင်းစဉ်)

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောအုန်း အဆိုတင်သွင်းစဉ်။ (သတင်းစဉ်)

ခန့်ထားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လိုအပ်နေသော သူနာပြုဆရာမကြီးများကို ဖြည့်စွက်ခန့်ထားပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး အထက်တန်းသူနာပြုများကိုလည်း ဖြည့်စွက်ခန့်ထားပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သစ်လွင်သူနာပြု(၄)ဦးအား ခန့်ထားပေးပြီးဖြစ်ပါကြောင်း၊ ထပ်မံခန့်ထားခွင့်ရရှိပါက ထပ်မံဖြည့်စွက် ခန့်ထားပေးနိုင်မည်ဖြစ်ပါကြောင်းနှင့် လပွတ္တာပြည်သူ့ဆေးရုံကြီးအတွက် လူနာခုတင် (၁၀၅)ခု၊ မွေ့ရာ(၁၀၅)ခုနှင့် လူနာစမ်းသပ် ခုတင်(၂)ခု၊ မီးစလောင်း (၂)ခု၊ Instrument Trolley (၂)ခု၊ Medicine Trolley (၅)ခု၊ Dental Chair (၁)ခုတို့ကို ထောက်ပံ့ပေးခဲ့ပြီးဖြစ်ပါကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဆေးရုံများအတွက် ဆေးရုံသုံးပစ္စည်းများ တောင်းခံလာပါက လုပ်ငန်းလိုအပ်ချက်နှင့်အညီ ဦးစားပေးအစီအစဉ်အတိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ လိုအပ်ပါက သတ်မှတ်ပုံစံတွင် ပြည့်စုံစွာဖြည့်စွက်လျက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးမှတင်ပြပြီး တိုင်းဒေသကြီး/ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး၏ ထပ်ဆင့်ထောက်ခံချက်ဖြင့် စိစစ်ထောက်ပံ့ပေးလျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဟာရှိန်းဘွေ၏ **"မင်းတပ်မြို့ရှိ ခုတင်(၁၀၀)ဆံ့ ဆေးရုံကြီးမှ သက်တမ်းလွန် လူနာဆောင်အဆောက်အအုံများအစား နှစ်ထပ်လူနာဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ချင်းပြည်နယ် မင်းတပ်မြို့နယ် ပြည်သူ့ဆေးရုံတွင် သက်တမ်းလွန် လူနာဆောင်များအစား (၂)ထပ်လူနာဆောင်သစ်(၁)ဆောင် ဆောက်လုပ်ပေးရန် လောလောဆယ် အစီအစဉ်မရှိသေးပါကြောင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဆေးရုံအဆောက်အအုံများ ဆောက်လုပ်ခြင်းနှင့် မွမ်းမံခြင်းများကို ဦးစားပေးအစီအစဉ်အတိုင်း နိုင်ငံတော်၏ ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်ပေးလျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ၏ **"ဂန့်ဂေါမြို့နယ် မြောက်ခင်ရန်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနကို (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်အတွင်း ခုတင်(၁၀၀)ဆံ့ ခရိုင်ဆေးရုံ (၁)ရုံ၊ (၁၆)ခုတင်ဆံ့ ကန်ရွာတိုက်နယ်ဆေးရုံ(၁)ရုံ၊ ကျောရွာတိုက်နယ်ဆေးရုံ (၁)ရုံ၊ မင်းရွာတိုက်နယ်ဆေးရုံ(၁)ရုံ စုစုပေါင်းတိုက်နယ်ဆေးရုံ (၃)ရုံ၊ ကျေးလက်ကျန်းမာရေးဌာန(၇)ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ (၂၈)ခု ဖွင့်လှစ်ထားရှိပြီးဖြစ်ပါကြောင်း။

ဂန့်ဂေါမြို့နယ် မြောက်ခင်ရန်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနသည် ၂၀၁၁ ခုနှစ်အတွင်း ပြင်ပလူနာ(၃၀၄၅)ဦးကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ပြီး ကျေးလက်ကျန်းမာရေးဌာနအဆောက်အအုံနှင့် လူနာအချိုးကျစွာ တည်ရှိနေသည်ကို တွေ့ရှိရပါကြောင်း၊ လက်ရှိကျေးရွာ၏လူဦးရေနှင့် နောင်တိုးပွားလာမည့် လူဦးရေတို့၏ ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုဆောင်ရွက်ပေးနိုင်ရန်ရည်ရွယ်လျက် အဆိုပါ ကျေးရွာတွင် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ(၁)ရုံ အသစ်ဖွင့်လှစ်ခွင့် ရရှိရေးအတွက် ဖွဲ့စည်းပုံအဆိုပြုချက်များရေးဆွဲ၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း၏ **"ဖလမ်းမြို့ ပြည်သူ့ဆေးရုံကြီး ဝန်ထမ်းအိမ်ရာဆောက်လုပ်ပေးရန်နှင့် ဓာတ်ခွဲဆောင် ဟောင်းနွမ်းဆွေးမြည့်ပျက်စီးနေပါသဖြင့် ပြင်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ချိုဦး၏ **"မင်းလှမြို့နယ်၊ လက်ဆက်အုပ်စု၊ စိန်ကန့်လန့်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းတို့နှင့်စပ်လျဉ်း၍ အဆောက်အအုံကို ပြုပြင်ခြင်း၊ ဆောက်လုပ်ပေးခြင်းတို့အတွက် လောလောဆယ်အစီအစဉ်မရှိသေးပါကြောင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဆေးရုံအဆောက်အအုံများ၊ ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများဆောက်လုပ်ခြင်းကို ဦးစားပေးအစီအစဉ်အတိုင်း နိုင်ငံတော်၏ ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်ပေးလျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး၏ **"စရိတ်မျှပေး ကျန်းမာရေးစနစ်**အစား **ကျန်းမာရေးစောင့်ရှောက်မှု အာမခံဥပဒေတစ်ရပ် စတင်ရေးဆွဲနေခြင်း ရှိ/မရှိ၊ မရှိပါကလည်း အဘယ်ကြောင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိပါသနည်း၊ ရှိပါက မည်သည့်အချိန်တွင် ဥပဒေကြမ်းအဖြစ် လွှတ်တော်များသို့တင်ပြနိုင်မည်"** မေးခွန်းနှင့် စပ်လျဉ်း၍ "ကျန်းမာရေးစောင့်ရှောက်မှု အာမခံဥပဒေ" ရေးဆွဲပြဋ္ဌာန်းခြင်းမပြုမီ ကျန်းမာရေးအာမခံစနစ် လက်တွေ့ကျင့်သုံးနိုင်သည့် အခြေခံလိုအပ်ချက်များရှိရန် လိုအပ်ပါကြောင်း၊ ကျန်းမာရေးအာမခံဆိုရာတွင် ပြည်သူလူထုတစ်ရပ်လုံး ဆင်းရဲချမ်းသာမရွေး လွှမ်းခြုံမှုရှိရန်လိုအပ်ပါကြောင်း၊ ငွေကြေးတတ်နိုင်သူများအတွက် ပုဂ္ဂလိကကျန်းမာရေး အာမခံစနစ်တစ်ရပ် ထူထောင်၍ မိမိတို့ဆန္ဒအလျောက် အာမခံကြေးထည့်ဝင်ပြီး အဆိုပါစနစ်အတွင်းသို့ ဝင်ရောက်နိုင်ပါကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှု အဓိကလိုအပ်နေသည့် လူအများစုအတွက် ၎င်းတို့ငွေကြေးထည့်ဝင်နိုင်သည့် အတိုင်းအတာအတွင်း ဆောင်ရွက်ရမည့် လူမှုကျန်းမာရေးအာမခံစနစ်ကဲ့သိုသော မဝင်မနေရစနစ်မျိုး လိုအပ်မည်ဖြစ်ပါကြောင်း၊ လူမှုကျန်းမာရေးအာမခံစနစ် ထူထောင်ရန်အတွက် နိုင်ငံတော်၏ စီးပွားရေးအခြေအနေ၊ ကျွမ်းကျင်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာစွမ်းရည်၊ အာမခံစနစ်အတွက် အခွန်ဘဏ္ဍာငွေကောက်ခံရရှိနိုင်မှု အခြေအနေ၊ နိုင်ငံအတွင်း အလုပ်အကိုင်နှင့် ဝင်ငွေရရှိမှုအခြေအနေနှင့် ကျန်းမာရေးစောင့်ရှောက်ပေးနိုင်မှု အခြေခံအဆောက်အအုံ အခြေခံအချက်များလိုအပ်ပါကြောင်း။

အခြေခံအချက်အလက်များ ပြည့်စုံရေးအတွက် လုပ်ငန်းရပ်များအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့နှင့်ပူးပေါင်း၍ မြို့နယ်အခြေပြု ကျန်းမာရေးကုန်ကျမှုစရိတ် အကာအကွယ်ပေးရေး အစီအစဉ် ဖြစ်နိုင်ခြေ ရှိ/မရှိ လေ့လာသည့်သုတေသနကို ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဒိုက်ဦးမြို့နယ်နှင့် ကျောက်တံခါးမြို့နယ်များတွင် ၂၀၁၁ ခုနှစ်တွင် ဆောင်ရွက်ခဲ့ပါကြောင်း၊ အဆိုပါ သုတေသနလေ့လာမှု၏ ရလဒ်များအပေါ်အခြေခံ၍ ၂၀၁၂ ခုနှစ် နှစ်ကုန်ပိုင်းတွင် ဒိုက်ဦးမြို့နယ်၌ "မြို့နယ်အခြေပြု ကျန်းမာရေးကုန်ကျစရိတ် အကာအကွယ်ပေးရေး အစီအစဉ်"ကို စမ်းသပ်ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ပူးပေါင်း၍ မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှု ဘောက်ချာစနစ်ဖြစ်နိုင်ခြေ ရှိ/မရှိ လေ့လာသည့် သုတေသနကို ၂၀၁၀ ခုနှစ်နှင့် ၂၀၁၁ ခုနှစ်အတွင်း ရေတာရှည်မြို့နယ်နှင့် နေပြည်တော်တပ်ကုန်းမြို့နယ်တို့တွင် ဆောင်ရွက်ခဲ့ရာ အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်သည် ကုလသမဂ္ဂထောင်စုနှစ်ရည်မှန်းချက်များ ပြည့်မီအောင် ဆောင်ရွက်နိုင်ရေးအတွက် အထောက်အကူပြုမည့်အပြင် ဆင်းရဲနွမ်းပါးသည့် မိခင်နှင့်ကလေးများအတွက် ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံမှုပိုမိုကောင်းမွန်သည့် ရလဒ်များထွက်ပေါ်လာပါကြောင်း၊ ၂၀၁၂ ခုနှစ် နှစ်လယ်ပိုင်းတွင် မိခင်နှင့်ကလေး စောင့်ရှောက်မှု ဘောက်ချာစနစ်ကို ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် စမ်းသပ်ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ပူးပေါင်း၍ မြို့နယ်ကျန်းမာရေးစနစ်ဖွံ့ဖြိုးရေးအစီအစဉ်၏ ကဏ္ဍတစ်ရပ်ဖြစ်သော ကျန်းမာရေးဘဏ္ဍာငွေ ရှာဖွေဖြည့်တင်းရေး နည်းလမ်းတစ်ခုဖြစ်သည့် ဆင်းရဲနွမ်းပါးမိခင်ကလေး ညွှန်းပို့ကုသရန်ပုံငွေကို ပထမအဆင့်မြို့နယ်(၂၀)တွင် ၂၀၁၂ခုနှစ် မတ်လမှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးအာမခံ၊ ကျန်းမာရေးအသုံးစရိတ် စသည်တို့နှင့်ပတ်သက်၍ နောက်ခံအချက်များနှင့် လက်ရှိအခြေအနေများကို ပညာရှင်များ၊ လက်တွေ့ဆောင်ရွက်နေသူများအတွင်း ကျယ်ပြန့်စွာသိရှိပြီး အမြင်နှင့် အတွေ့အကြုံ ဖလှယ်နိုင်ရန် ဆွေးနွေးပွဲများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနသာမက အခြားဌာနအဖွဲ့အစည်းအချို့က ဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်များကို ဆန်းစစ်သုံးသပ်ရန် စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ယင်းအပေါ်အခြေခံ၍ ပိုမိုကောင်းမွန်သော ကြားခံလုပ်ငန်းများဖြင့် အခြေခံလိုအပ်ချက်များရရှိအောင် အဆင့်ဆင့်အကောင်ထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

"စရိတ်မျှပေးကျန်းမာရေးစနစ်" အစား **"ကျန်းမာရေးစောင့်ရှောက်မှုအာမခံဥပဒေ"**အသစ်တစ်ရပ် ပြဋ္ဌာန်းရန်ကိစ္စတွင် လူမှုကျန်းမာရေးအာမခံစနစ်ဆောင်ရွက်ရန်မှာ အခြေခံလိုအပ်ချက်များအားလုံးရရှိရန်လိုအပ်ပါကြောင်း၊ အခြေခံလိုအပ်ချက်များ ပြည့်မီမှသာ ကျန်းမာရေးစောင့်ရှောက်မှု အာမခံဥပဒေပြဋ္ဌာန်းခြင်းကို ဟန်ချက်ညီညီဆောင်ရွက်နိုင်ရေးအတွက် သင့်လျော်သောအချိန်ကာလ ရယူဆောင်ရွက်ရမည်ဖြစ်ပါသောကြောင့် ကျန်းမာရေးစောင့်ရှောက်မှုအာမခံဥပဒေကို လောလောဆယ် ရေးဆွဲခြင်း မရှိသေးပါကြောင်းဖြင့် ဖြေကြားသည်။

အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစောအုန်းက အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် မေးမြန်းခဲ့သည့်မေးခွန်းများ၊ တင်သွင်းခဲ့သည့်အဆိုများနှင့်ပတ်သက်၍ အစီရင်ခံစာအား ထောက်ခံဆွေးနွေးအကြံပြုတင်ပြသွားမည်ဖြစ်ပါကြောင်း၊ အစီရင်ခံစာတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို ၂၂-၈-၂၀၁၁ ရက်မှ ၁၆-၁၁-၂၀၁၁ ရက်ထိ ကျင်းပခဲ့ရာ မေးခွန်းပေါင်း (၃၂၀)ရှိပြီး အတည်ပြုသည့် အဆို (၃၁)ခုရှိပါကြောင်း။

မေးခွန်းများအရေအတွက်ကို ပြန်စိစစ်သည့်အခါ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ (၄၈)ခုနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ (၄၃)ခု အများဆုံး အနေအထားမေးမြန်းထားသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် အဆိုပါဝန်ကြီးဌာန (၂)ခုသည် ပြည်သူများ၏ လိုအပ်ချက်အများအပြား ဖြည့်စွက်ပေးရမည့် ဝန်ကြီးဌာနများ ဖြစ်ပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးဌာန တာဝန်ရှိသူများ၏ ဖြေဆိုချက်များကို ပြန်ဆန်းစစ်ကြည့်လျှင် နယ်စပ်ရေးရာဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးနှင့် ကျန်းမာရေးဝန်ကြီးများသည် အမှန်တကယ်လည်း

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖

❖ စာမျက်နှာ ၄ မှ

ဆောင်ရွက်ပေးမည့်အစီအစဉ်များကို အတိအကျပြောကြားသည့် ဝန်ကြီးများဖြစ်၍ အားရကျေနပ်မှုရှိပါကြောင်း။

ဒုတိယပုံမှန်အစည်းအဝေးတွင် မိမိအနေဖြင့် မေးခွန်း(၂)ခုမေးမြန်းခဲ့ပါကြောင်း၊ (၁)ခုမှာ **"မွန်ပြည်နယ် သထုံမြို့နယ်ရှိ မရမ်းကုန်း ရေထိန်းတံခါးနှင့် ဆိပ်ကျွန်းရေထိန်းတံခါးတို့၏ အောက်ဘက် ရေဆင်းလမ်းကြောင်းသည် တိမ်ကောနေသဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် မည်သို့မည်ပုံစီမံဆောင်ရွက်ထားသည်ကို သိရှိလိုကြောင်း"** မေးခွန်းကို သက်ဆိုင်ရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက တိမ်ကောနေသည်ကို သိရှိပါကြောင်း၊ နိုင်ငံတော်ကချပေးသည့် ဘတ်ဂျက်အပေါ်မူတည်ပြီး ဆောင်ရွက်ပေးပါမည်ဟု ဖြေဆိုသွားသည်ကိုတွေ့ရပါကြောင်း၊ မေးခွန်းရှင်အနေနှင့်ရော ပြည်သူများ၊ တောင်သူလယ်သမားများကပါ ဤအဖြေမျိုးကို မလိုချင်ကြပါကြောင်း၊ ဒုတိယအကြိမ် ပုံမှန်အစည်းအဝေး၏ ၁၃-၉-၂၀၁၁ ရက်တွင် မိမိအနေဖြင့် လောင်းကစားနှင့် ပတ်သက်သည့် အဆို(၁)ခု တင်သွင်းခဲ့ကြောင်း၊ ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရေးအတွက်ဖြစ်သော အသေးစားချေးငွေလုပ်ငန်းကို ကြီးမားစွာ ထိခိုက်နိုင်သည့် လောင်းကစားခြင်းများ ကင်းစင်ပပျောက်သွားစေရန် လူထုလှုပ်ရှားမှုအပါအဝင် နည်းမျိုးစုံဖြင့်ဆောင်ရွက်ပေးရန် ဆွေးနွေးခဲ့ပါကြောင်း။

အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသို့ အကြံပြုလိုသည်မှာ လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းများ၊ အဆိုများအား လွှတ်တော်သို့ လာရောက်ဖြေကြားရှင်းလင်း ဆွေးနွေးသည့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ဖြေကြားရှင်းလင်းဆွေးနွေးချက်များကို ကာယကံရှင်များထံ ပြုစုပေးရန်၊ မေးခွန်းများ၊ အဆိုများ၏ဆောင်ရွက်ပြီးစီးမှု အခြေအနေအရပ်ရပ်ကို နောက်တစ်ကြိမ်အစည်းအဝေး၏ ပထမရက်သတ္တပတ်အတွင်း မေးခွန်းအဆိုရှင်များ၏ တင်ပြချက်ရယူပေးရန်နှင့် မေးခွန်းများ၊ အဆိုများအပေါ် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို စဉ်ဆက်မပြတ်လေ့လာသုံးသပ်ပြီး သင့်တော်သည့်နည်းလမ်းမျိုးစုံဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့နှင့်ဆောင်ရွက်ပေးပါရန်ဖြစ်ကြောင်း၊ လွှတ်တော်၏ ပင်မလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် ဤကော်မတီကသာ ဆောင်ရွက်ရမည်ဖြစ်ပါ၍ အပတ်တကုတ်ကြိုးစားဆောင်ရွက်ခြင်းဖြင့် အမျိုးသားလွှတ်တော်၏ ဂုဏ်ကိုဖော်ဆောင်ကြပါရန် တိုက်တွန်းလိုကြောင်းဖြင့် အကြံပြုဆွေးနွေးတင်ပြသည်။

အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဝင် ဦးဉာဏ်လင်းက အဆိုတင်သွင်းပြီး လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော **အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေကြမ်း**ကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဥပဒေကြမ်းကော်မတီဝင် ဦးဆွန်ဒုတ်ကျင့်က ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာနှင့်အတူ အဆိုတင်သွင်းသည်။

ယင်းဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း သိရှိရသည်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပေးပို့လာသော **မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၏ အကြံပြုဆွေးနွေးချက်များအပေါ် ဥပဒေကြမ်းကော်မတီ၏ ပြန်လည်စိစစ်တင်ပြချက် အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဝင် ဦးကျော်ကျော်က ပြန်လည်ဖတ်ကြားရှင်းလင်းသည်။

အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော **မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကြမ်း**အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့လာခြင်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်အတည်ပြုချက်ကို အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူမရှိသည့်အတွက် အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်အတိုင်း ထားရှိရန်ဆုံးဖြတ်သည်။

အမျိုးသားလွှတ်တော်၏ အတည်ပြုချက်နှင့် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်တို့ ကွဲလွဲနေပါသဖြင့် ပြည်ထောင်စုလွှတ်တော်သို့ ဆောလျင်စွာတင်ပြအဆုံးအဖြတ်ခံယူရန် ဒေါက်တာမြတ်ဉာဏစိုးက အဆိုတင်သွင်းပြီး သဘောကွဲလွဲချက်များကို အမျိုးသားလွှတ်တော်က ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန်ဆုံးဖြတ်သည်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပေးပို့လာသော **ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုဆွေးနွေးချက်များအပေါ် ဥပဒေကြမ်းကော်မတီ၏ ပြန်လည်စိစစ်တင်ပြချက် အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဝင် ဒေါက်တာမြတ်ဉာဏစိုးက ပြန်လည်ဖတ်ကြားရှင်းလင်းသည်။

အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော **ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကြမ်း**အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပေးပို့လာခြင်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်အတည်ပြုချက်ကို အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူမရှိသည့်အတွက် အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်အတိုင်း ထားရှိရန်ဆုံးဖြတ်သည်။

အမျိုးသားလွှတ်တော်၏ အတည်ပြုချက်နှင့် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်တို့ ကွဲလွဲနေပါသဖြင့် ပြည်ထောင်စုလွှတ်တော်သို့ ဆောလျင်စွာတင်ပြအဆုံးအဖြတ်ခံယူရန် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁)မှ ဦးတင်ယုက အဆိုတင်သွင်းပြီး သဘောကွဲလွဲချက်များကို အမျိုးသားလွှတ်တော်က ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန်ဆုံးဖြတ်သည်။

လူမှုဖူလုံရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ဥပဒေကြမ်းကော်မတီဝင် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးလှထွန်းက အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းသည်။

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က လူမှုဖူလုံရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ စဉ်းစားဆွေးနွေးပေးနိုင်ပါရန် အဆိုတင်သွင်းသည်။

လူမှုဖူလုံရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြချက်များအပေါ် တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုချက်ရယူသည်။

ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေကြမ်းအား အတည်ပြုပေးပါရန် အဆိုတင်သွင်းရာ ဒေါက်တာမြတ်ဉာဏစိုးက ထောက်ခံသည်။

လူမှုဖူလုံရေးဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် လူမှုဖူလုံရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုဆုံးဖြတ်သည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဉာဏ်လင်းက **"ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးက စီမံခန့်ခွဲသော တက္ကသိုလ်များ၌ နိုင်ငံရေးသိပ္ပံဘာသာရပ်ကို ထပ်ဆောင်းဘာသာရပ် (Additional Subject) အဖြစ် သင်ကြားပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသည်။

ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန်သဘောတူသည့်အတွက် ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း သိရှိရသည်။

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်

ဥပ္ပါတသန္တိစေတီတော်ကြီး၏ စတုတ္ထအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို အောက်ပါအတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်-

✳ ၁-၃-၂၀၁၂ ရက်နေ့မှ ၄-၃-၂၀၁၂ ရက်နေ့အထိ အသံမစဲ မဟာပဌာန်းရွတ်ဖတ်ပူဇော်ပွဲ ကျင်းပခြင်း။
✳ ၆-၃-၂၀၁၂ ရက်နေ့ တပေါင်းလဆန်း ၁၄ ရက် နံနက်ပိုင်းတွင် သြဝါဒါစရိယ ဆရာတော်ကြီးများထံမှ သြဝါဒခံယူခြင်း။
✳ ၇-၃-၂၀၁၂ ရက်နေ့ တပေါင်းလပြည့်နေ့ နံနက်ပိုင်းတွင် ရွှေကြာသင်္ကန်းတော်ကပ်လှူခြင်း၊ ဆွမ်းတော်ကြီးတင်ခြင်း၊ ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်း။
✳ ၇-၃-၂၀၁၂ ရက်နေ့ တပေါင်းလပြည့်နေ့ ညနေပိုင်းတွင် ဆီမီး (၉၀၀၀) ပူဇော်ခြင်း။
✳ ၁-၃-၂၀၁၂ ရက်နေ့မှ ၈-၃-၂၀၁၂ ရက်နေ့အထိ ပွဲတော်ကွင်းအတွင်း ပျော်ပွဲ/ရွှင်ပွဲများ ကျင်းပခြင်း။

ဂေါပကအဖွဲ့

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုးက **"ဝိဇ္ဇာအထူးပြုဘာသာရပ်များကို အခြေခံပညာနှင့် အဆင့်မြင့်ပညာရေးတွင် ပိုမိုတိုးတက်သင်ကြားပေးရန်နှင့် ဝိဇ္ဇာဘွဲ့ရသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖော်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသည်။

ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူသည့်အတွက် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း သိရှိရသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီက **"ပညာရေးမြှင့်တင်ရေးဆိုင်ရာ ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"**အဆိုကို တင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသည်။

ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူသည့်အတွက် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း သိရှိရသည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး အဌမနေ့ကို ညနေ ၄ နာရီ မိနစ် ၂၀ တွင် ရပ်နားလိုက်သည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်စာကြည့်တိုက်အတွက် အလှူငွေလှူဒါန်းခြင်းကို မှတ်တမ်းတင်ခြင်း၊ မေးခွန်း(၈)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အစီရင်ခံစာ(၁)ခုကို အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်း၊ ဥပဒေကြမ်း(၄)ခုကို ဆွေးနွေးဆုံးဖြတ်ခြင်း၊ အဆိုအသစ်(၃)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကုန်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၉

ဖေဖော်ဝါရီ ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကုန်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့သည်။

အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က အပိုကုန်ကျစရိတ်များ (Transaction Costs) လျှော့ချနိုင်ရေးအတွက် သက်ဆိုင်ရာကုန်သည်အသင်းအဖွဲ့များအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်များသို့ သွားရောက်ကြပြီး တောင်သူများအား နည်းပညာ၊ သတင်းအချက်အလက်နှင့် အရင်းအနှီးများပံ့ပိုးခြင်း၊ အားပေးကူညီခြင်းများ ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများကို ပြည်ပမှတင်သွင်းရာတွင် အမျိုးအစား၊ ပါဝင်မှုအချိုးအစားနှင့် အသုံးပြုရမည့် အညွှန်းများကို မြန်မာစာဖြင့် ရိုက်နှိပ်ဖော်ပြပြီးမှ တင်သွင်းကြရန် လိုအပ်ကြောင်း။

စပါးစိုက်ပျိုးသည့် တောင်သူလယ်သမားများအကျိုးကို ရှေးရှု၍ အရန်ဆန်စပါး ဝယ်ယူရေးအစီအစဉ်အရ စပါးတင်း ၁၀၀ လျှင် ၃၃၀၀၀၀ ကျပ်နှုန်းဖြင့် ဝယ်ယူလျက်ရှိရာ စပါးတင်း ၉၈၂၀၀၀ ကျော် ရရှိနေပြီဖြစ်ကြောင်း၊ ထပ်မံပေါ်ထွက်လာမည့် နွေစပါးဝယ်ယူရန်လည်း စီစဉ်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ပဲမျိုးစုံနှင့် ပတ်သက်၍ အများပိုင်ကုမ္ပဏီဖွဲ့စည်းပြီး တောင်သူများရသင့်ရထိုက်သည့် ဈေးနှုန်းရရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ ပြည်ပကို တင်ပို့ရောင်းချရာ၌ ဈေးနှုန်းပိုရသည့် အထူးအရည်အသွေးအဆင့်နှင့် တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်တင်ပို့ရောင်းချသွားရမည်ဖြစ်ကြောင်း၊ ဆန်နှင့်ပတ်သက်၍လည်း တန်းမြင့်ဆန်နှင့် ပေါင်းဆန်များ ကြိတ်ခွဲထုတ်လုပ် တင်ပို့နိုင်အောင် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

နိုင်ငံတော်အနေဖြင့် ပို့ကုန်သွင်းကုန်လုပ်ငန်းများကို ဖြေလျှော့မှုများ ပြုလုပ်ပေးခဲ့ခြင်းကြောင့် ကုန်သွယ်မှုပမာဏ ပိုမိုတိုးတက်လာသော်လည်း တရားမဝင်ကုန်သွယ်ရေးလမ်းကြောင်းများ ရှိနေသေးသည့်အတွက် တရားဝင်ကုန်သွယ်ရေး လမ်းကြောင်းပေါ်သို့ ရောက်ရှိစေရန် လိုအပ်နေကြောင်း၊ နိုင်ငံတကာအဆင့်မီ Trade Institute သင်တန်းကျောင်း တစ်ခုဖွင့်လှစ်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး စိုက်ပျိုးထုတ်လုပ်သူများ၊ ပြည်ပတင်ပို့သူများ ဒေါ်လာဈေးနှုန်းကျဆင်းမှုကြောင့် ထိခိုက်မှုမရှိစေရေးအတွက်လည်း နည်းမျိုးစုံဖြင့် စီမံဆောင်ရွက်ပေးခဲ့ပါကြောင်း။

မော်တော်ယာဉ်အဟောင်းများလဲလှယ်ပေးပြီး ယာဉ်အသစ်တင်သွင်းခွင့်ပြုပြီးစီးရေ ၂၉၇၇၀၊ ခွင့်ပြုထားသည့် အရောင်းစင်တာ ၄၂ ခုမှ ရောင်းချခွင့်ပြုပြီး ယာဉ်စီးရေ ၃၃၄ စီး၊ သံတော်သားများ၊ သံရုံးဝန်ထမ်းများ၊ ပြည်ပတွင်သွားရောက်တာဝန်ထမ်းဆောင်သူများ၊ ပို့ကုန်သွင်းကုန် ကုမ္ပဏီများသို့ ရောင်းချခွင့်ပြုပြီး ယာဉ်စီးရေ ၁၇၄၆ စီး ခွင့်ပြုထားပြီးဖြစ်ပါကြောင်း၊ နယ်စပ်ဒေသများတွင် တရားဝင် ကူးသန်းရောင်းဝယ်မှုများ ပိုမိုထွန်းကားလာစေရန်အတွက် လိုအပ်သည့်နေရာများတွင် နယ်စပ်စခန်းများ ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပို့ကုန်သွင်းကုန် လိုင်စင်များကို Online စနစ်ဖြင့် လုပ်ပေးနေသည့်အပြင် အချို့ကုန်ပစ္စည်းများကို အလိုအလျောက် လိုင်စင်ခွင့်ပြုပေးနိုင်ရန် ရည်မှန်းချက်ထားပြီး စီမံဆောင်ရွက်လျက်ရှိကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကုန်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

(သတင်းစဉ်)

ကုန်သည်/စက်မှုအသင်းချုပ်၌ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ကြီးမှူး၍ Mr. Marco Breu (Masters Degree of Economics) က "International Business interest in Myanmar: What investors are Looking for to make their decisions?" ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို မတ် ၃ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ UMFCCI Office Tower ပထမထပ်ခန်းမကြီး၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁-၃-၂၀၁၂ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၈း၁၀	၂။ (၆၇)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈း၄၀	၃။ International News

ညပိုင်း

၄း၀၀	၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၀၅	၂။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၄း၄၀	၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (အရှေ့တိုင်းပညာ၊ မြန်မာစာ၊ မြန်မာမှုပညာ၊ ရသစာပေအရေးအသား အထူးပြုများ) (အရှေ့တိုင်းပညာ)
၅း၀၅	၄။ "အမျိုးနှင့်မျိုး"
၅း၁၅	၅။ (၆၇)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၅း၄၅	၆။ သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင်
၆း၂၀	၇။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့် ချဉ်းကပ်ခြင်း
၆း၄၀	၈။ နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်နဲ့အမုန်း" (ဒုတိယတွဲ) (အပိုင်း-၃၆)
၇း၄၀	၉။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရလက်ထက် တည်ဆောက်ပြီးစီးခဲ့သည့် တံတားကြီးခုနစ်စင်း
	၁၀။ အစာလည်းဆေး၊ ဆေးလည်းအစာ
	၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာအသချေ" (အပိုင်း-၁၀)
	၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆုံး" (အပိုင်း-၃၆)

မြောက်ယမားလက်ယာတိုးချဲ့တူးမြောင်း တည်ဆောက်မှုလုပ်ငန်းစတင် စီမံကိန်းပြီးစီးပါက လယ်မြေဧက ၉၀၀၀ စိုက်ပျိုးရေ ထပ်မံရရှိလာမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၉

မြောက်ယမားလက်ယာတိုးချဲ့တူးမြောင်းလုပ်ငန်း စတင်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၉ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ပုလဲမြို့နယ်ရှိ မြောက်ယမားရေလှောင်တမံအနီး မင်္ဂလာမဏ္ဍပ်၌ကျင်းပသည်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးတို့ မြောက်ယမားလက်ယာတိုးချဲ့တူးမြောင်း ရေလွှတ်အဆောက်အအုံအတွက် ဘိလပ်မြေများ သွန်းလောင်းပေးကြစဉ်။

(သတင်းစဉ်)

အဆိုပါအခမ်းအနားသို့ ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်နှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးစိန်ဝင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပတ်ဝန်းကျင်ကျေးရွာအသီးသီးမှ ဒေသခံပြည်သူများနှင့် ဒေသခံတောင်သူဦးကြီးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အဖွင့်အမှာစကားပြောကြားရာ၌ ယနေ့အခမ်းအနားသည် ဒေသခံပြည်သူများအတွက် အလွန်မင်္ဂလာရှိသော နေ့တစ်နေ့ဖြစ်ကြောင်း၊ ယခင်က ဤပတ်ဝန်းကျင်ဒေသများမှ ပြည်သူများသည် စိုက်ပျိုးရေးအတွက် သဘာဝမိုးရေကို အမှီပြုစိုက်ပျိုးကြရကြောင်း၊ ယခင်တပ်မတော်အစိုးရလက်ထက်တွင် တောင်ယမားနှင့် မြောက်ယမားရေလှောင်တမံများကို တည်ဆောက်ပေးခဲ့၍ ပုလဲ၊ ယင်းမာပင်နှင့် ဆားလင်းကြီးမြို့နယ်အတွင်းရှိ ကျေးရွာများတွင် စိုက်ပျိုးရေရရှိပြီး တစ်နှစ် နှစ်သီး၊ သုံးသီး စိုက်ပျိုးနိုင်ကြသဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ အထိုက်အလျောက် ဖွံ့ဖြိုးတိုးတက်လာခဲ့ကြောင်း။

ယခုဆက်လက်၍ မြောက်ယမားရေလှောင်တမံ ရေကူရေကန်အပါအဝင် လက်ယာတိုးချဲ့တူးမြောင်းတစ်ခု တည်ဆောက်ရန် ယခုဆောင်ရွက်လျက်ရှိရာ စီမံကိန်းပြီးပါက လယ်မြေဧက ၉၀၀၀ စိုက်ပျိုးရေထပ်မံရရှိလာတော့မည်ဖြစ်၍ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း။

ယနေ့ ကမ္ဘာ့လူဦးရေ စုစုပေါင်း၏ တစ်ဝက်မှာ ဆန်စားသုံးကြသူများဖြစ်၍ မိမိတို့ ဆန်စပါးများများ စိုက်ပျိုးထုတ်လုပ်နိုင်လေလေ နိုင်ငံတော်နှင့် ပြည်သူများ အတွက် ပိုအကျိုးရှိလာနိုင်လေဖြစ်ကြောင်း။

ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခင် တပ်မတော်အစိုးရခေတ်တွင် စိုက်ပျိုးရေရရှိရေးအတွက် မြေအောက်ရေရရှိရေးလုပ်ငန်း ၈၂၃၀၊ မြစ်ရေတင် စီမံကိန်း ၃၂၇ ခုနှင့် ဆည်တာတမံပေါင်း ၃၇၁ ခုတို့ကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့ကြောင်း။

ယနေ့ နိုင်ငံတော်အစိုးရလက်ထက်တွင်လည်း ရရှိပြီးအခြေခံကောင်းများကို အခြေပြု၍ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း။

အလားတူ နိုင်ငံတော်အစိုးရသည် ပြည်သူများက ရွေးချယ်တင်မြှောက်ထားသည့် ပြည်သူ့အစိုးရဖြစ်သည်နှင့်အညီ ပြည်သူတို့၏ ဆန္ဒဖြစ်သော နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတစ်ဦးချင်း၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူတိုင်း ဥပဒေနှင့်အညီ လွတ်လွတ်လပ်လပ် နေထိုင်စားသောက်နိုင်ရေးနှင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ဦးတည်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်၍ အလုပ်အကိုင်အခွင့်အလမ်း ရရှိအောင်လည်း ဖော်ဆောင်ပေးလျက်ရှိကြောင်း၊ ရင်းနှီးမြှုပ်နှံမှုဥပဒေများ၊ ထားဝယ်စီးပွားရေးအထူးဇုန်၊ သီလဝါစီးပွားရေးအထူးဇုန်ဥပဒေများကို ရေးဆွဲဆောင်ရွက်နေသကဲ့သို့ ကျောက်ဖြူရေနက်ဆိပ်ကမ်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်သွယ်မှုအပိုင်းတွင်လည်း ဖြေလျှော့ပြုပြင်မှုများကို ဆောင်ရွက်ပေးခဲ့ကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး လုပ်ငန်းစဉ်(၈) ရပ်ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူများ၏ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က အမှာစကားပြောကြားရာတွင် စစ်ကိုင်းတိုင်းဒေသကြီးသည် နိုင်ငံတော်၏ တတိယစပါးကျီဖြစ်ကြောင်း၊ ယခင်က သဘာဝမိုးရေကိုသာ အားထားရသည့် အခြေအနေမှ ယခုဆိုလျှင် သဖန်းဆိပ်ဆည်ကြီးအပါအဝင် ဆည်ရေများရရှိ၍ နှမ်း မိုး ဆောင်း သီးထပ် သီးညှပ်များ စိုက်ပျိုးလာနိုင်ပြီဖြစ်ကြောင်း။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးမှ ပိုလျှံဆန်စပါးများကို အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့ရောင်းချရန် စီစဉ်နေ၍ ဝမ်းသာမိပါကြောင်း၊ ယခုဆောင်ရွက်လျက်ရှိသည့် မြောက်ယမားဆည်ရေသောက်စနစ်သည် ကြီးမားကျယ်ပြန့်ပြီး ယခု စိုက်ပျိုးရေရရှိလာမည့် ဧက ၉၀၀၀ နှင့် ပေါင်းလျှင် စုစုပေါင်း ဧက ၃၀၀၀၀ ကျော်သွားမည်ဖြစ်ကြောင်း။

ထိုမျှမက စီမံကိန်းနှင့်အတူ မိုင် ၆၀ ခန့်ရှိသော ကျေးရွာချင်းဆက်လမ်းများလည်း အလိုအလျောက် ပေါ်ထွန်းလာမည်ဖြစ်ကြောင်း၊ ယခုစီမံကိန်းမှာ ကာလအားဖြင့် နှစ်နှစ်ခန့် အချိန်ယူရမည်ဖြစ်သော်လည်း စက်ယာဉ်ယန္တရားကြီးပေါင်း အစီး ၃၀ ဖြင့် ကြိုးပမ်းဆောင်ရွက်နေ၍ လာမည့်မိုးရာသီမှာပင် စတင်အသုံးပြုနိုင်မည်ဖြစ်ပြီး လာမည့်နွေရာသီတွင်လည်း နွေစပါးစိုက်ပျိုးနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ကျေးလက်နေပြည်သူများ ဝင်ငွေတိုးတက်ရရှိရေးအတွက် ထုတ်လုပ်သီးနှံများ ဈေးကွက်ခိုင်မာရန် လိုအပ်ကြောင်း၊ ဈေးကွက်နှင့် ကိုက်ညီသည့် သီးနှံများကို လွတ်လပ်စွာ စိုက်ပျိုးနိုင်သော်လည်း ဈေးကွက်ကောင်းရန် မျိုးကောင်းဖို့လိုကြောင်း၊ မျိုးမှန်မှ အဖိုးတန်ကြောင်း၊ မျိုးများရောစပ်လျှင် မျိုးပေါင်းပြီး မျိုးပျက်၍ ဈေးကွက်မရနိုင်ကြောင်း၊ စပါးအရည်အသွေးကျလျှင် ဆန်အရည်အသွေးပါကျပြီး ဈေးကောင်းမရနိုင်ကြောင်း၊ ပင်ပန်းပြီး အကျိုးမရှိကြောင်း၊ သို့ဖြစ်၍ ဒေသတစ်ခုစီ၌ မျိုးသန့်ဇုန်များ တည်ထောင်ထိန်းသိမ်းကြရန်လိုကြောင်း။

စားရေးဖူလုံသည့်အပြင် အပိုဝင်ငွေပါ ထိုက်ထိုက်တန်တန်ရရှိရေး၊ ဈေးနှုန်းထိုက်ထိုက်တန်တန် ရရှိရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးအနေဖြင့် အထွက်နှုန်းနှင့် ဈေးကောင်းရရှိသည့် ပုလဲသွယ် အထူးအထွက်တိုး စပ်မျိုးစပါးများနှင့် မိတ်ဆက်တင်ပြပေးရန် တာဝန်ရှိကြောင်း၊ စိုက်ပျိုးရာတွင် သက်တမ်းတိုပြီး အထွက်နှုန်းကောင်း၊ ဈေးကောင်းရရှိသဖြင့် ပြည်ပမှ ဝယ်လိုအားဈေးကွက်ခိုင်မာ၍ ပြည်တွင်းလုပ်ငန်းရှင်များက ဝယ်ယူတင်ပို့လျက်ရှိကြောင်း၊ ဝန်ကြီးဌာနနှင့် လုပ်ငန်းရှင်များ ပူးပေါင်း၍ တစ်နိုင်ငံလုံးသို့ ဖြန့်ဝေနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

လယ်ယာကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ကမ်းလှမ်းဆောင်ရွက်လျက်ရှိရာ ဒေသခံပြည်သူများကလည်း ဒေသအလိုက် ဖိတ်ခေါ်ကြရန် တိုက်တွန်းလိုကြောင်း၊ စက်ရုံတစ်ရုံတိုးလျှင်ပင် အကျိုးရှိနိုင်ကြောင်း၊ ကျေးရွာတစ်ရွာ သီးနှံထုတ်ကုန်တစ်မျိုးဖြစ်ရန် ကြိုးပမ်းကြစေလိုကြောင်း၊ စိုက်ပျိုးရေးကို အခြေခံသည့် စက်ရုံများ ပေါ်ထွက်လာမှသာ သီးနှံများ အလေအလွင့်နည်းပါး၍ တန်ဖိုးမြင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း။

နောင်သားစဉ်မြေးဆက်က အရင်းကျေမည့် တန်ဖိုးကြီးမားသည့် ဆည်တမံများကို အခြေခံ၍ အစ အလယ် အဆုံး ဝင်ငွေတိုးပွားရန် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း တောင်သူများ မျှဝေခံစားနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက စစ်ကိုင်းတိုင်းဒေသကြီး အတွင်း စိုက်ပျိုးရေပေးဝေလျက်ရှိသည့် ဆည်တမံများ၊ လျှပ်စစ်မြစ်ရေတင်နှင့် မြစ်ရေတင်လုပ်ငန်းများ၊ မြေအောက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်နေမှု၊ စိုက်ဧကနှင့် သီးထပ်စိုက်ဧကများ၊ ဆန်၊ ဆီဖူလုံမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး အမှာစကားပြောကြားရာတွင် ပုလဲမြို့နယ်အနေဖြင့် မိမိတို့ဒေသအတွင်းမှာပင် မြောက်ယမားဆည်၊ တောင်ယမားဆည်၊ မြောက်ယမားရေကူတမံ၊ လှိုင်းချောင်းရေလှောင်တမံ၊ ကန့်ဒေါင့်ရေလှောင်တမံ စသည်ဖြင့် ဆည်ငါးဆည်ကို ကွန်ရက်သဖွယ်တည်ဆောက်ထားရှိပြီး တစ်မြို့နယ်လုံးလွှမ်းခြုံကာ တစ်သီးစားမှ နှစ်သီးစား စိုက်ပျိုးနိုင်ခဲ့ကြပြီ ဖြစ်သည့်အတွက် ဒေသနေပြည်သူများ စီးပွားဖွံ့ဖြိုးတိုးတက်နေပြီဆိုသည်ကို လက်တွေ့မြင်တွေ့နေရပြီဖြစ်ပါကြောင်း။

မြောက်ယမားရေလှောင်တမံမှ ဆည်ရေများဖြင့် ယခင်က လက်ဝဲတူးမြောင်းတစ်ခုတည်းမှ ယင်းမာပင်၊ ပုလဲမြို့နယ်များရှိသည့် လယ်ယာမြေများတွင် နွေစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးနိုင်ခဲ့ကြပြီး ယခုအခါ မြောက်ယမားရေလှောင်တမံ အထက်ရှိ မြောက်ယမားရေကူတမံတွင် ရေသိုလှောင်မှုပမာဏ လုံလောက်မှုရှိသည့်အတွက် ပုလဲမြို့နယ်အတွင်း ဆည်ရေမသောက်ရသေးသည့် မြို့နယ်၏ အလယ်ကြောရှိ လယ်မြေများအား ဆည်ရေကို အသုံးပြုကာ နွေစပါးနှင့် သီးထပ်သီးညှပ်များ စိုက်ပျိုးနိုင်ရေးအတွက် ယခုလက်ယာမြောင်းကို စတင်ဖောက်လုပ်ရန် စီမံနေပြီဖြစ်ပါကြောင်း။

ယနေ့ဖွင့်လှစ်ပေးသည့် မြောက်ယမားရေလှောင်တမံ လက်ယာမြောင်းသစ်အပေါ် အကျိုးခံစားကြမည့် ဒေသမှ တောင်သူလယ်သမားများ အနေဖြင့် ဆည်ရေကို အသုံးပြုပြီး နွေစပါးနှင့် သီးထပ်သီးညှပ်များ စိုက်ပျိုးသွားကြပါက တောင်သူလယ်သမားများ၏ စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သကဲ့သို့ ဒေသအတွင်းမှာနေကြသည့် ပြည်သူအများစုလည်း အလုပ်အကိုင် အခွင့်အလမ်းများရရှိလာပြီး လူမှုစီးပွားဘဝမြင့်မားတိုးတက်လာမှာ ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူများ ကိုယ်စား ကြောင်သန်းကျေးရွာ ရပ်မိရပ်ဖ ဦးမြင့်ဝင်းက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးကျော်ဆန်းနှင့် ဦးမြင့်လှိုင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးတို့က ဒေသခံတောင်သူများအား ပုလဲသွယ် စပ်မျိုးစပါး မျိုးစေ့များနှင့် ခေတ်မီနည်းပညာဖြင့် ထုပ်ပိုးထားသော ပုလဲသွယ်ဆန်များ၊ ဆန်နမူနာများကို ပေးအပ်ကြပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် ရေလွှတ်အဆောက်အအုံအတွက် ဘိလပ်မြေများ သွန်းလောင်းပေးကြပြီး မြောက်ယမားဆည်တာတမံ ရေသိုလှောင်ထားရှိမှုကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြသည်။

မြောက်ယမား လက်ယာတိုးချဲ့ ရေသောက်စနစ် စီမံကိန်းသည် မြောင်းမကြီးအလျား ၁၇ ဒသမ ၂၅ မိုင်၊ လက်တံတူးမြောင်းများ အလျား ၄၃ ဒသမ ၇၂ မိုင်နှင့် တူးမြောင်းအဆောက်အအုံ ၁၇၁ ခု ပါဝင်ပြီး စီမံကိန်းပြီးပါက လယ်မြေဧက ၉၀၀၀ကို ဆည်ရေပေးဝေနိုင်မည်ဖြစ်သည်။

လာမည့် မိုးရာသီမှာပင် အသုံးပြုနိုင်ပြီး လာမည့် နွေစပါးရာသီတွင် နွေစပါး စိုက်ပျိုးနိုင်ရေးအတွက် စက်ယာဉ်ယန္တရား အစီးပေါင်း ၃၀ တို့ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)



ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး ပညာရေးဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးမှာကြားစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး ပညာရေးဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂၉

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် ယနေ့နံနက် ၈ နာရီ ၁၅ မိနစ်တွင် ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် ပညာရေးဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက်ပြီး ပညာရေးဆိုင်ရာဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအေးကြူက ကျောင်းသုံးဗလာစာအုပ်နှင့် ကျောင်းသုံးစာအုပ် ဖြန့်ချိရေးကိစ္စရပ်များကို လည်းကောင်း၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းက ပညာရေးလုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်မည့်အစီအစဉ်များကိုလည်းကောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ် လူမှုရေးဝန်ကြီးများက ပညာရေးဆိုင်ရာလိုအပ်ချက်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ပြန်လည်ဆွေးနွေးညှိနှိုင်းဖြည့်ဆည်းပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁-၃-၂၀၁၂ (ကြာသပတေးနေ့)

၇း၀၅	တရားတော်
၈း၁၅	ဇာတ်လမ်းတို
၄း၂၀	ချစ်သူစုံတွဲတူယှဉ်နွဲ့
၄း၃၀	ဗွီစီဒီကျော်ကြားတေး
၄း၄၀	မွေးမြူသုတ
၅း၁၀	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၁၄၈)**
၆း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆း၄၅	ကာတွန်းအစီအစဉ် -စူပါဟမ်းစတား (အပိုင်း-၂၉)
၇း၀၀	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "သစ္စာစေတမန်" (အပိုင်း-၂၁)** -အနုပညာရှင်၏တစ်နေ့တာ -ကုန်သွယ်သုတ -ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် **-ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "ငှက်ကလေးရဲ့ကွန်းခိုရာ" (အပိုင်း-၁၆)** **-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သမုဒယနှောင်ကြိုး" (အပိုင်း-၇)**

မော်လမြိုင်ကျွန်းကိုဗဟိုပြု၍ ဧရာဝတီတိုင်းဒေသကြီးအတွင်းသာမက မြန်မာနိုင်ငံ ဒေသအနှံ့ လှည့်လည်သွားလာနိုင်ရန် တည်ဆောက်ပေးထားသည့် ရာဇူဒိုင်တံတားအမှတ်(၁)

* ရာဇူဒိုင်တံတားအမှတ်(၁)သည် မအူပင်-ရေလဲကလေး-ရွှေတောင်မှော်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်း၊ မော်လမြိုင်ကျွန်း-လှိုင်းဘုန်း-သစ်ပုတ်-ကွင်းပေါက်-ပြင်စလူလမ်း၊ ဘိုကလေး-မော်လမြိုင်ကျွန်း-ကျုံမငေး-ဝါးခယ်မ-မြောင်းမြလမ်း စသည့် လမ်းကွန်ရက်လမ်းများပေါ်တွင် တည်ရှိနေသဖြင့် ဤတံတားကြီးကို အသုံးပြု၍ မြန်မာနိုင်ငံအရပ်ရပ်သို့ တစ်ဆက်တစ်စပ်တည်း သွားလာနိုင်ပြီဖြစ်သည်။
* ယခင်က မော်လမြိုင်ကျွန်းမှ ရန်ကုန်မြို့သို့ ရေယာဉ်ဖြင့်သွားလျှင် ၁၂ နာရီ ကြာမြင့်ခဲ့ပြီး ရာဇူဒိုင်တံတားအမှတ်(၁)ကို ဖွင့်လှစ်ခဲ့သည့်အတွက် ရန်ကုန်မြို့သို့ ကုန်းလမ်းခရီးမှ ၃ နာရီအတွင်း ရောက်ရှိခဲ့သည်။
* မော်လမြိုင်ကျွန်းမြို့နယ်တွင် ကုန်းလမ်းခရီးပေါက်သဖြင့် မြန်မာပြည်အရပ်ရပ်သို့ လမ်းတံတားကွန်ရက်မှတစ်ဆင့် တိုက်ရိုက်ဆက်သွယ်သွားလာနိုင်သည်။
* မော်လမြိုင်ကျွန်းမြို့ကိုဗဟိုပြု၍ ဘိုကလေး-မော်လမြိုင်ကျွန်း-ကျုံမငေး-မြောင်းမြ မော်တော်ကားလမ်းမကြီး ဖောက်လုပ်လျက်ရှိပြီး ဧရာဝတီတိုင်းဒေသကြီး၌ အရပ်လေးမျက်နှာစလုံးကို ကုန်းလမ်းခရီးဖြင့် ဖြန့်ကြက်ဆက်သွယ်ပြီး ရာသီမရွေး လွယ်လင့်တကူ သွားလာနိုင်ပြီဖြစ်သည်။

သတင်းမှတ်စု - မောင်ငြိမ်းအေး

ရာဇူဒိုင်တံတား အမှတ်(၁) အချက်အလက်များ

၁။ ရာဇူဒိုင်တံတားအမှတ်(၁)သည် တစ်လမ်းသွား သံမဏိသံပေါင်တံတားအမျိုးအစားဖြစ်သည်။
၂။ တံတားအရှည် ၁၉၅၅ ပေ၊ ယာဉ်သွားလမ်းအကျယ် ပေ ၂၀ နှင့် လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေစီပါရှိသည်။
၃။ ရေလမ်းကင်းလွတ်အမြင့်ပေ ၂၀ နှင့် ယာဉ်တစ်စီးချင်းခွင့်ပြုအလေးချိန် တန် ၆၀ ဖြစ်သည်။
၄။ ဤတံတားကို ၂၀၀၉ ခုနှစ် ဧပြီ ၁ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၀ ခုနှစ် ဇူလိုင် ၂၂ ရက်တွင် ဖွင့်လှစ်ခဲ့သည်။

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး သံတွဲမြို့ ဒွါရာဝတီခန်းမ၌ တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

❖ ရှေ့ဖုံးမှ

ထို့နောက် ဒုတိယသမ္မတက ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံတော်၏ ရည်မှန်းချက်များအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် သံတွဲမြို့ ကမ်းခြေရေတိုက်စားမှု ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းအတွက် အလှူငွေများကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ သံတွဲမြို့ ဒွါရာဝတီယာယီဈေး ပြန်လည်ထူထောင်ရေးလုပ်ငန်းအတွက် ထောက်ပံ့ငွေများကို နိုင်ငံတော်အစိုးရအဖွဲ့ကိုယ်စား ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေနှင့် လုပ်ငန်းရှင်သုံးဦးတို့က ဈေးကော်မတီဥက္ကဋ္ဌ ဦးစိုးသန်းထံ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် သံတွဲခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သံတွဲနှင့် ဂွမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့အတွက် Sky Net လေးစုံကို ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ဝင်းက ပေးအပ်လှူဒါန်းသည်။

ထို့နောက် လုပ်ငန်းရှင်များကိုယ်စား IGE ကုမ္ပဏီဥက္ကဋ္ဌ ဦးနေအောင်က မီးဘေးသင့်မင်းပြားဈေးအတွက် ထောက်ပံ့လှူဒါန်းငွေများ ပေးအပ်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

တွေ့ဆုံပွဲအပြီးတွင် သံတွဲမြို့ ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယသမ္မတသည် ခရိုင်ပြည်သူ့ဆေးရုံကြီးအတွင်း တိုးချဲ့လူနာဆောင် တည်ဆောက်ရန် စီမံဆောင်ရွက်ထားမှုနှင့် တည်ဆောက်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် သံတွဲမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ တောင်ကုတ်မြို့သို့ ရောက်ရှိကြပြီး တောင်ကုတ်တက္ကသိုလ်တည်ဆောက်မည့် ညောင်ကဒေကွင်းသို့ သွားရောက်ကြရာ တောင်ကုတ်ဒေသ ဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ ဦးကျောက်တောင်နှင့် အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ မြို့မိမြို့ဖများ၊ ကျောင်းသားကျောင်းသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဘရွှေနှင့် တာဝန်ရှိသူများက တောင်ကုတ်တက္ကသိုလ် တည်ဆောက်မည့် ပုံစံနှင့်မြေနေရာအခြေအနေတို့ကို ရှင်းလင်းတင်ပြကြရာ ဒုတိယသမ္မတက တက္ကသိုလ်တည်ဆောက်ရေးလုပ်ငန်းနှင့် ပတ်သက်၍ လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းပေးသည်။

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး သူဌေးရေအားလျှပ်စစ်စီမံကိန်း၌ ရေပိုလွှဲဥမင်လိုဏ်ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ယင်းနောက် ဒုတိယသမ္မတသည် တောင်ကုတ်တက္ကသိုလ် တည်ဆောက်မည့်နေရာ၌ ရောက်ရှိနေသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ တက္ကသိုလ်တည်ဆောက်မည့် အစီအမံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် တောင်ကုတ်မြို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုပြီး တောင်ကုတ်မြို့နယ်ခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် တောင်ကုတ်မြို့နယ် အုပ်ချုပ်ရေးမှူးက ဒေသဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး မြို့မိမြို့ဖ ဦးကျောက်တောင်နှင့် ဦးထွန်းလှိုင်တို့က ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို တင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းရှိန်နှင့် ဒုတိယဝန်ကြီး ဦးဘုန်းဆွေတို့က ပြန်လည်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတက ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တင်ပြသည့် ဒေသလိုအပ်ချက်များအား ဖြည့်ဆည်းရှင်းလင်းဖြေကြားပြီး ဒေသအစီရင်ခံစာအပေါ် သုံးသပ်ဆွေးနွေးကာ နိုင်ငံတော်၏ မူဝါဒများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် တောင်ကုတ်မြို့တွင်း၌ ချောင်းရေတိုက်စားမှုကြောင့် ကမ်းပါးများ ပြိုကျမှုအား ပြုပြင်ထိန်းသိမ်းရေးအတွက် ထောက်ပံ့ငွေပေးအပ်ပြီး ရွှေသံလွင်ကုမ္ပဏီက တောင်ကုတ်မြို့နယ်အတွက် Sky Net ခုနစ်စုံကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် တောင်ကုတ်မြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး တောင်ကုတ်ဆေးရုံအား စံကိုက်ဆေးရုံအဖြစ် တိုးမြှင့်မြှင့်တင်တည်ဆောက်ရေးကိစ္စရပ်များအား ကြည့်ရှုစစ်ဆေး၍ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဒုတိယသမ္မတက သံတွဲမြို့နှင့် တောင်ကုတ်မြို့တို့၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအားတွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် မိမိတို့အနေဖြင့် ရခိုင်ပြည်နယ်တောင်ပိုင်းဒေသမြို့နယ်များ၏ အခြေအနေများကို ကြည့်ရှုပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် လာရောက်ခြင်းဖြစ်ကြောင်း။

ပထမဦးစားပေးအနေဖြင့် ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊





ဒုတိယသမ္မတ သီဟသူရဦးတင်အေ
စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို

တင်ပြချက်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေး
ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း။
ဒုတိယအချက်အနေဖြင့် ဌာနဆိုင်ရာမ
ဒေသစီးပွားဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်မ
များနှင့် ပေါင်းစပ်ဆောင်ရွက်နိုင်ရန်ဖြစ်ကြေ
တတိယအချက်အနေဖြင့် ယနေ့နိုင်ငံ
ရှင်းလင်းပြောကြားရန်ဖြစ်ကြောင်းဖြင့် ပဏာ
ယင်းနောက် ဒုတိယသမ္မတက အဆိုပ
တဝင့် ဆွေးနွေးမှာကြားရာတွင် နိုင်ငံတော်
ပတ်သက်၍ အသုံးစရိတ်များကို နှစ်စဉ်
ကျန်းမာရေးအတွက် လိုအပ်သောအဆော
ဆေးရုံသုံးပစ္စည်းကိရိယာများ မြှင့်တင်ဖြ
အပြည့်အဝ ထောက်ပံ့ပေးနိုင်ရေးစီစဉ်ဆော
ပညာရေးကဏ္ဍတွင် အခြေခံပညာ
အခြေခံပညာမူလတန်းကို အားလုံးသင်ယူတ
သင်ကြားနိုင်ရေးအတွက် ကျောင်းသုံးဖတ်စ
အခမဲ့ထောက်ပံ့ပြီး စဉ်ဆက်မပြတ် ပညာ
ထောက်ပံ့မှုများ စီမံဆောင်ရွက်ပေးလျက်ရှိ
နှစ်အတွင်းတွင် ရခိုင်ပြည်နယ် တောင်ပိုင်
ဝိဇ္ဇာ/သိပ္ပံပညာရပ်များ အဆင်ပြေစွာ တက်
တွင် အဆင့်လိုက် တက္ကသိုလ်အဖြစ် တည်
ရှင်းလင်းပြောကြားသည်။
ဆက်လက်၍ ရခိုင်ပြည်နယ်အတွင်း
ရရှိစေရေးအတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေး
မင်းပြား-မြောက်ဦး-ပုဏ္ဏားကျွန်း-စစ်တွေအထ
မအီ-ကျောက်ဖြူ-ရမ်းဗြဲတို့အား စတင်၍
ဒုတိယအဆင့်အဖြစ် ၂၀၁၃-၂၀၁၄ ခုနှစ်
ဆောင်ရွက်ပေးသွားမည့် အစီအစဉ်များကိုလ
ထို့နောက် ဒေသတွင်းစိုက်ပျိုးရေးလုပ်
ပြည့်စုံရုံသာမဟုတ်ဘဲ စီးပွားဖြစ်လုပ်ကိုင်

(၄၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲဗဟိုကော်မတီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၉

(၄၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲဗဟိုကော်မတီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် တက်ရောက် အမှာစကားပြောကြားသည်။ (အောက်ပုံ)

အစည်းအဝေးသို့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေ၊ လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ နာယက ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်က အဖွင့်အမှာစကားပြောကြားရာ၌ ယနေ့အစည်းအဝေးတွင် ဆပ်ကော်မတီများမှ တာဝန်ရှိသူများက (၄၉)ကြိမ်မြောက် မြန်မာ့ ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီအလိုက် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြကြရန်နှင့် ရှင်းလင်းတင်ပြချက်များအပေါ် အစည်းအဝေး တက်ရောက်သူများက မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်ခမ်းနားစွာ ကျင်းပနိုင်ရေးအတွက် လိုအပ်သည်များကို ဝိုင်းဝန်းဆွေးနွေး အကြံပြုကြစေလိုကြောင်း၊ ပြပွဲကာလအတွင်း လုံခြုံရေး၊ သွားလာရေး၊ နေထိုင်ရေး၊ စားသောက်ရေးတို့ အဆင်ပြေစေရန်နှင့် နိုင်ငံတကာအဆင့် ပြပွဲဖြစ်သည်နှင့်အညီ ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များ လွတ်လပ်စွာ ဝယ်ယူနိုင်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီများနှင့် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများက (၄၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကော်မတီအလိုက်၊ ကဏ္ဍအလိုက် လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို အသီးသီးရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဌေးအောင်က တည်းခိုနေထိုင်ရေးအတွက် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းများ ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်က ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ (၄၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကြီး စည်ကားသိုက်မြိုက်ခမ်းနားစွာဖြင့် နိုင်ငံတကာအဆင့်မီ အောင်မြင်အောင် ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသဖြင့် အားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ သဘာဝကပေးထားသည့် ကျောက်မျက်ရတနာများကို နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအတွက် ထုတ်လုပ်ရောင်းချရာတွင် အရိုင်းအထည်များ ရောင်းခြင်းထက် တန်ဖိုးမြှင့် (Value Added) အချောထည်များအဖြစ် ထုတ်လုပ်ရောင်းချခြင်းက အကျိုးအမြတ် များစွာရရှိမည်ဖြစ်သည့်အတွက် ပြပွဲတစ်ကြိမ်ထက် တစ်ကြိမ် တန်ဖိုးမြှင့်အချောထည်များ၊ အဆင့်မီ လက်ဝတ်ရတနာများကို တိုးမြှင့်ထုတ်လုပ် ရောင်းချသွားရန်အတွက် ရည်မှန်းချက်ထား ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြောကြားပြီး တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဥတု ရာသီ တောကို မှီ၍

ပထမအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၉

ပထမအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးရဲမြင့်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်(၆၄)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မေးခွန်း(၁၃)ခု မေးမြန်းဖြေကြားခြင်း၊ ၂၀၁၁-၂၀၁၂ ခုနှစ် မကွေးတိုင်းဒေသကြီး၏ ဒေသန္တရစီမံကိန်းဥပဒေကြမ်း၊ ၂၀၁၂-၂၀၁၃ ခုနှစ် မကွေးတိုင်းဒေသကြီး၏ ဒေသန္တရစီမံကိန်းဥပဒေကြမ်းနှင့် ၂၀၁၂ ခုနှစ် မကွေးတိုင်းဒေသကြီး၏ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ အဆို(၂)ခု ဆွေးနွေးခြင်းများ ဆောင်ရွက်ကြပြီး အစည်းအဝေးကို မွန်းလွဲ ၂ နာရီ ၁၈ မိနစ်တွင် ရပ်နားလိုက်သည်။ (သတင်းစဉ်)

မဟာဂန္ဓာရုံ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ ကာကွယ်ဆေးထိုး အလှူဒါနပြု

နေပြည်တော် ဖေဖော်ဝါရီ ၂၉

အမရပူရမြို့ မဟာဂန္ဓာရုံ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့
ဦးဆောင်၍ ဒါနပါရမီရှင်များ၏ လှူဒါန်းမှု၊ စေတနာ့ဝန်ထမ်း ဆရာ ဆရာ
များ၏ ကူညီပံ့ပိုးပေးမှုတို့ဖြင့် ဖေဖော်ဝါရီ ၂၅ ရက်တွင် မဟာဂန္ဓာ
ကျောင်းတိုက်မှ သံဃာတော်များအား အသည်းရောင်အသားဝါ ဘီ

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး သူငွေးရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တင်ပြချက်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်ဖြစ်ကြောင်း။

ဒုတိယအချက်အနေဖြင့် ဌာနဆိုင်ရာများ၏ တင်ပြချက်များနှင့်ပတ်သက်၍ ဒေသစီးပွားဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များအား နိုင်ငံတော်၏ ရည်မှန်းချက်များနှင့် ပေါင်းစပ်ဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း။

တတိယအချက်အနေဖြင့် ယနေ့နိုင်ငံတော်၏ ဆောင်ရွက်နေမှုများအား ရှင်းလင်းပြောကြားရန်ဖြစ်ကြောင်းဖြင့် ပဏာမပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတက အဆိုပါအချက်များနှင့်စပ်လျဉ်း၍ အကျယ်တဝင့် ဆွေးနွေးမှာကြားရာတွင် နိုင်ငံတော်၌ ပညာရေး၊ ကျန်းမာရေးကဏ္ဍနှင့် ပတ်သက်၍ အသုံးစရိတ်များကို နှစ်စဉ် တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးအတွက် လိုအပ်သောအဆောက်အအုံများကို တိုးချဲ့တည်ဆောက်၊ ဆေးရုံသုံးပစ္စည်းကိရိယာများ မြှင့်တင်ဖြည့်တင်းပေး၍ အခြေခံဆေးဝါးများ အပြည့်အဝ ထောက်ပံ့ပေးနိုင်ရေးစီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ပညာရေးကဏ္ဍတွင် အခြေခံပညာကျောင်းများအဆင့်မြှင့်တင်ပေးခြင်း၊ အခြေခံပညာမူလတန်းကို အားလုံးသင်ယူတတ်မြောက်ပြီးဖြစ်စေရန် အခမဲ့ပညာသင်ကြားနိုင်ရေးအတွက် ကျောင်းသုံးဖတ်စာအုပ်များ၊ လေ့ကျင့်ခန်းစာအုပ်များ အခမဲ့ထောက်ပံ့ပြီး စဉ်ဆက်မပြတ် ပညာသင်ကြားနိုင်ရန်အတွက် ပညာရေးထောက်ပံ့မှုများ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်းတွင် ရခိုင်ပြည်နယ် တောင်ပိုင်းဒေသရှိ ကျောင်းသားများအတွက် ဝိဇ္ဇာ/သိပ္ပံပညာရပ်များ အဆင်ပြေစွာ တက်ရောက်သင်ယူနိုင်ရန် တောင်ကုတ်မြို့တွင် အဆင့်လိုက် တက္ကသိုလ်အဖြစ် တည်ဆောက်သွားမည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်အတွင်း မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးရရှိစေရေးအတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ပထမအဆင့်အနေဖြင့် အမ်း-မင်းပြား-မြောက်ဦး-ပုဏ္ဏားကျွန်း-စစ်တွေအထိ လည်းကောင်း၊ တောင်ကုတ်-သံတွဲ-မအီ-ကျောက်ဖြူ-ရမ်းဗြဲတို့အား စတင်၍ ဆောင်ရွက်ပေးမည့် အခြေအနေနှင့် ဒုတိယအဆင့်အဖြစ် ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ကျန်မြို့များအတွက် ဆက်လက်ဆောင်ရွက်ပေးသွားမည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒေသတွင်းစိုက်ပျိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ စားဝတ်နေရေး ပြည့်စုံရုံသာမဟုတ်ဘဲ စီးပွားဖြစ်လုပ်ကိုင်ဆောင်ရွက်ရန်နှင့် စက်မှုကုန်ကြမ်းသီးနှံစိုက်ပျိုးရေးကိုလည်း ဖြစ်ထွန်းနိုင်သရွေ့ ဆောင်ရွက်သွားစေလိုကြောင်း။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းများကို နိုင်ငံတော်သမ္မတကိုယ်တိုင်ဦးဆောင်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ လုပ်ငန်းစဉ်များအောင်မြင်ရေးအတွက် ဒေသခံပြည်သူများအနေဖြင့် လုပ်ငန်းရှင်များ၊ ဒေသအုပ်ချုပ်ရေးတာဝန်ရှိသူများနှင့် ပူးပေါင်းပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၈)ရပ်နှင့်အညီ ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ရဟတ်ယာဉ်များဖြင့် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၆) တည်ဆောက်ရေးအဖွဲ့က တာဝန်ယူတည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော သူငွေးရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းက သူငွေးရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ပြီးစီးမှုနှင့် သတ်မှတ်ချိန်မီပြီးစီးနိုင်ရေး လုပ်ငန်းကဏ္ဍများအလိုက် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက ဆည်တည်ဆောက်မှု၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်မှု၊ ဓာတ်အားလိုင်းသွယ်တန်းမှုတို့ကို အချိန်ကိုက်ဖြစ်အောင် ညှိနှိုင်းဆောင်ရွက်ရေး၊ နည်းပညာအရ ခိုင်ခိုင်မာမာဖြစ်စေရေး၊ ရေလွှဲဥမင်လိုဏ်ဖောက်လုပ်မည့် လမ်းကြောင်းတစ်လျှောက် မြေနမူနာနှင့် ကျောက်နမူနာများကို ရယူမှတ်တမ်းထားရှိပြီး ၎င်းတို့၏ ခံနိုင်ရည်အနေအထားအရ ဥမင်တူးဖော်မှုကို လိုအပ်သလို စီမံဆောင်ရွက်သွားရေး၊ မိုးများသည့် ဒေသဖြစ်ပြီး အချိန်တိုအတွင်း မိုးရေချိန်လက်မများစွာ ရွာသွန်းတတ်ခြင်း၊ အချို့နှစ်များတွင် ထူးကဲစွာ မိုးရွာသွန်းမှုများပြားခြင်းတို့ကြောင့် ဆည်ကိုထိခိုက်မှုမရှိအောင် ကြိုတင်၍ စီမံဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် သူငွေးရေအားလျှပ်စစ်စီမံကိန်း ပုံစံငယ်ကိုကြည့်ရှုစစ်ဆေးကြပြီး ရှင်းလင်းဆောင်ရှုရပ်မှနေ၍ စီမံကိန်းလုပ်ငန်းများ တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ရေပို့လွှဲဥမင်လိုဏ် အမှတ်(၁) ရေလွှဲဥမင်လိုဏ်ဖောက်လုပ်နေမှု၊ ရေစိမ့်တားနံရံတည်ဆောက်ထားမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့်ဇနီးနှင့် အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၂၈ ရက် ညပိုင်းတွင် မကွေးမြို့ မြသလွန်စေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး အလှူငွေများပေးအပ်လှူဒါန်းခဲ့သည်။ (သတင်းစဉ်)

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး၏ ဇနီး ဒေါ်ခင်စောနှင်း သံတွဲခရိုင်အတွင်းရှိ မြို့နယ်များမှ အမျိုးသမီးရေးရာအသင်းဝင်များအား တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနာယက ဒေါ်ခင်စောနှင်းသည် ဖေဖော်ဝါရီ ၂၈ ရက် နံနက်ပိုင်းတွင် သံတွဲခရိုင်အတွင်းရှိ မြို့နယ်များမှ အသင်းဝင်များအား တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ရခိုင်ပြည်နယ် ဝန်ကြီးချုပ်၏ ဇနီး ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်နုနုဇံ၊ ရခိုင်ပြည်နယ်အဆင့် ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ သံတွဲခရိုင် အဖွဲ့ဥက္ကဋ္ဌနှင့် သံတွဲခရိုင်အတွင်းရှိ သံတွဲ၊ တောင်ကုတ်၊ မအီနှင့် ကျိန္တလီ မြို့နယ်ခွဲများမှ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ် ကြီးကြပ်ရေးအဖွဲ့ နာယက က ပြည်နယ်အတွင်း ဒေသန္တရ အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် သံတွဲခရိုင် အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ခရိုင်၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အသင်းနာယက ဒေါ်ခင်စောနှင်းက ခရိုင်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များသို့ ငွေကျပ် ၁၀ သိန်းစီကို လည်းကောင်း၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်သဇင်နွယ်က သံတွဲခရိုင်အတွင်းရှိ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းများသို့ ထောက်ပံ့ငွေကျပ်ငါးသိန်းစီကိုလည်းကောင်း၊ မေတ္တာဝတီဘိုးဘွားရိပ်သာအတွက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ လှူဒါန်းသော ဆေးပစ္စည်းများကို လည်းကောင်း သက်ဆိုင်ရာတာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဒေါ်ခင်စောနှင်းက အမှာစကားပြောကြားရာတွင် ယနေ့တွေ့ဆုံခြင်းသည် ညီမများသဖွယ် ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံခြင်းဖြစ်ကြောင်း၊ စုံညီစွာ တွေ့ရသည့်အတွက် ဝမ်းမြောက်ပါကြောင်း။

မိမိတို့အဖွဲ့များသည် နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းမှ ပံ့ပိုးကူညီမှုပေးနေသော အရပ်ဘက်ဆိုင်ရာ စေတနာ့ဝန်ထမ်းအဖွဲ့များဖြစ်ပါကြောင်း။

မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံများကို ဆက်လက်ထိန်းသိမ်းပေးကြရန် လိုပါကြောင်း၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ပညာရေး၊ စီးပွားရေး၊ လူမှုရေးစောင့်ရှောက်မှုလုပ်ငန်းများသည် အမျိုးသမီးများအတွက် စဉ်ဆက်မပြတ် ဆက်လက်၍ လုပ်ပေးစေလိုပါကြောင်း။

အသင်းဝင် စေတနာ့ဝန်ထမ်းများ၏ ကာယအား၊ ဉာဏအားနှင့် စေတနာအားတို့ဖြင့် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မှုကို တစ်တပ်တစ်အား ပါဝင်လုပ်ဆောင်နေခြင်းဖြစ်သဖြင့် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း ပြောကြားသည်။

ယင်းနောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ဆက်လက်၍ ဒေါ်ခင်စောနှင်းနှင့် အဖွဲ့ဝင်များသည် မိခင်/ကလေးက ဖွင့်လှစ်ထားသည့် သားဖွားခန်းရှိ ကိုယ်ဝန်ဆောင်မိခင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး အာဟာရပစ္စည်းများနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် ဒုတိယသမ္မတ၏ ဇနီး နာယက ဒေါ်ခင်စောနှင်းသည် ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရပစ္စည်းများနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း နာယက ဒေါ်ခင်စောနှင်း သံတွဲခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့များ အတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား International Crisis Group ဥက္ကဋ္ဌ လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၉

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား ဘရပ်ဆဲလ်မြို့၌ ရုံးစိုက်သော International Crisis Group ဥက္ကဋ္ဌ Ms. Louise Arbour သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ဓါတ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများ၊ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးဆောင်ရွက်နေမှုများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဖော်ဆောင်နေမှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

...ကွဲတိုင်းဒေသကြီးလွှတ်တော် ...ည်းအဝေး တတိယနေ့ကျင်းပ

...တ် ဖေဖော်ဝါရီ ၂၉

...းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ... နာရီခွဲတွင် ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော် ...န်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်(၆၄)ဦးတို့ ...

...ခွန်း(၁၃)ခု မေးမြန်းဖြေကြားခြင်း၊ ၂၀၁၁-၂၀၁၂ ...ဒေသန္တရစီမံကိန်းဥပဒေကြမ်း၊ ၂၀၁၂-၂၀၁၃ ခုနှစ် ...ရစီမံကိန်းဥပဒေကြမ်းနှင့် ၂၀၁၂ ခုနှစ် မကွေးတိုင်း ...ငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ...နွေးခြင်းများ ဆောင်ရွက်ကြပြီး အစည်းအဝေးကို ...ပ်နားလိုက်သည်။ (သတင်းစဉ်)

ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဥ္စမနေ့ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၉

ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၁၀ နာရီတွင် ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ် ၁၀၁ ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မေးခွန်း(၅)ခု မေးမြန်းဖြေကြားခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၏ ပုဂ္ဂလိကပိုင် မော်တော်ယာဉ်လိုင်းများ ကြီးကြပ်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၏ ပုဂ္ဂလိကပိုင် ရေယာဉ်လိုင်းများ ကြီးကြပ်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်းများဆောင်ရွက်ကြပြီး အစည်းအဝေးကို နံနက် ၁၁ နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၂၉

...မြို့ မဟာဂန္ဓာရုံ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့က ...ပေါ်ရမိရှင်များ၏ လှူဒါန်းမှု၊ စေတနာ့ဝန်ထမ်း ဆရာ ဆရာမ ...ပိုးပေးမှုတို့ဖြင့် ဖေဖော်ဝါရီ ၂၅ ရက်တွင် မဟာဂန္ဓာရုံ ... သံဃာတော်များအား အသည်းရောင်အသားဝါ ဘီပိုး ကာကွယ်ဆေးများကို ထပ်မံထိုးပေးပြီး အလှူဒါနပြုကြသည်။

မဟာဂန္ဓာရုံ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့သည် ကျောင်းတိုက်မှ တစ်ထောင်ကျော်သော သံဃာတော်များ၏ အခြားသော ကျန်းမာရေးကိစ္စများကိုလည်း တာဝန်ယူစောင့်ရှောက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကယားပြည်နယ်ဌာနဆိုင်ရာ ကလပ်အသင်းပေါင်းစုံ အပျော်တမ်းဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၉

၂၀၁၂ ခုနှစ် ကယားပြည်နယ် အားကစားနှင့် ကာယပညာကော်မတီက ကြီးမှူး၍ ဌာနဆိုင်ရာ ကလပ်အသင်းပေါင်းစုံ အပျော်တမ်းဘောလုံးပြိုင်ပွဲများကို ဖေဖော်ဝါရီ ၂၈ ရက်တွင် ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်နယ်အားကစားကွင်း(ဒေါ်ဥခူ)၌ ဆက်လက်ကျင်းပရာ နတလအသင်းနှင့် Old Star အသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး တစ်ဖက် နှစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားကြောင်း သတင်းရရှိသည်။ သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး၏ မှာကြားချက်များ ထပ်ဆင့်ရှင်းလင်း

နေပြည်တော် ဖေဖော်ဝါရီ ၂၉

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၂၁)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား၌ ပြည်ထောင်စုဝန်ကြီး၏ မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းပွဲနှင့် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၇ ရက်တွင် ကယားပြည်နယ် လွိုင်ကော်မြို့ရှိ ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်နိုင်ဦးက အဖွင့်အမှာစကား ပြောကြားပြီး ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူး ဦးစိုင်းသိန်းလွင်က ပြည်ထောင်စုဝန်ကြီး၏ မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းသည်။ ထို့နောက် ပြည်နယ်ဦးစီးမှူးက ခရိုင်အလိုက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁-၃-၂၀၁၂ (ကြာသပတေးနေ့)

၅း၄၀	"မှ . . . တစ်ပါးအခြားမရှိ" တရားတော် (ရေတာရှည် ဆရာတော် အရှင်ပညာဝံသ)
၉း၀၅	ရှိသေစွာပူဇော် အထက(၃) ကြည့်မြင်တိုင် မြတ်ဆရာပူဇော်ပွဲတော်
၉း၃၀	Intellectual Talk (HIV/AIDS သမိုင်းကြောင်း တစ်လျှောက်အောင်မြင်မှုများနှင့် စိန်ခေါ်မှုများ) (ဒေါက်တာစစ်နိုင်၊ ကိုကိုလှိုင်)
၁၀း၃၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀း၅၅	မဇ္ဈိမဒေသသံဝေဇနိယလေးဌာန
၁၂း၂၀	ချစ်သောသမီးရတနာ မြတ်သောနားသမင်္ဂလာ
၂း၂၀	Activities In The City -ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲမှ (FISCA & KKA) -ရန်ကုန်မြောက်ပိုင်းခရိုင်၏ ကာယအလှမယ်ပြိုင်ပွဲ
၂း၅၀	Galaxy INTERNATIONAL EDUCATION CENTER ဖွင့်လှစ်ခြင်းအခမ်းအနား
၄း၅၅	"ပင်လယ်ထက်ကနေဝန်းနီ"၏ အကယ်ဒမီထပ်ဆင့်ဂုဏ်ပြုပွဲ
၆း၁၅	Kaplan City Campus
၆း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်တေးသံရင်ခုန်သံ" (အပိုင်း-၈)**
၇း၁၅	Style ရှိမှ Star ဖြစ်မယ်
၈း၃၀	တတိယဝင်ရိုးစွန်းဆီသို့
၉း၂၀	The Shop Around The Corner (Part-34)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၈၅)**
၁၀း၂၀	အနုပညာမိုးကောင်းကင်
၁၀း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တေးသွားဇကရီ" (ဇာတ်သိမ်းပိုင်း)**
၁၂း၂၀	သံစဉ်များကိုထုဆစ် အလှဆင်သူများ (Pro Studio)
၁၂း၅၀	အောင်မြင်သူတို့ဘဝ (ကျော်ကြားသူတို့၏အလွဲများ)
၂း၁၀	ဘာကြောင့်ပဲဆိုးဆိုး လက်ကိုင်ပဝါအုပ်ဆိုး (ဌက်ပျောကြော်၊ ဗေလုဝ)
၃း၅၅	အပန်းဖြေစရာ မျက်လှည့်ကမ္ဘာ

ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ် အထူးကုဆရာဝန်ကြီးများအဖွဲ့ စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် ဆေးရုံ၌ အခမဲ့ကုသ

နေပြည်တော် ဖေဖော်ဝါရီ ၂၉

အထူးကုဆရာဝန်ကြီးများအဖွဲ့ စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်သို့ လာရောက်ဆေးကုသပေးခြင်းအားဖြင့် ပုလဲမြို့နယ်နှင့် ပတ်ဝန်းကျင်မြို့နယ်များအတွင်းရှိ ဝေဒနာရှင်ပြည်သူများ ခရီးဝေးလံစွာ သွားလာရခြင်းမရှိဘဲ ငွေကြေးကုန်ကျမှုမရှိဘဲ ကျန်းမာရေးစောင့်ရှောက်မှုကို ရရှိခံစားနိုင်စေရန် ရည်ရွယ်၍ ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၏ စီမံဆောင်ရွက်ပေးမှု၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှု၊ ကျန်းမာရေးဝန်ကြီးဌာန စစ်ကိုင်းတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၏ ဦးဆောင်မှုတို့ဖြင့် ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ် အခမဲ့ အထွေထွေခွဲစိတ်ကုသပေးပွဲကို ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၇ ရက်အထိ ပုလဲမြို့နယ် ပြည်သူ့ဆေးရုံ၌ ပြုလုပ်သည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်သို့ ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်နှင့် အဖွဲ့ဝင်များက ခွဲစိတ်ကုသမှုခံယူပြီးသည့် ဝေဒနာရှင်များအား လည်းကောင်း၊ ခွဲစိတ်ခန်းမအတွင်း အထူးကုဆရာဝန်ကြီးများက ဝေဒနာရှင်များအား ခွဲစိတ်ကုသပေးနေမှုကို လည်းကောင်း၊ ယာယီမဏ္ဍပ်အတွင်း ကျန်းမာရေးစမ်းသပ်စစ်ဆေးမှုခံယူနေကြသော ဝေဒနာရှင်များအား လည်းကောင်း ကြည့်ရှုနှုတ်ဆက်အားပေးစကားပြောကြားကာ အထူးကုဆရာဝန်ကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးတို့ ပုလဲမြို့နယ် ပြည်သူ့ဆေးရုံ ခွဲစိတ်ခန်းမအတွင်း အထူးကုဆရာဝန်ကြီးများက ဝေဒနာရှင်များအား ခွဲစိတ်ကုသပေးနေမှုကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

အခမဲ့အထွေထွေခွဲစိတ်ကုသပေးမှုအစီအစဉ်တွင် ပုလဲမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု (၆၁)အုပ်စုနှင့် ကနီမြို့နယ်၊ ယင်းမာပင်မြို့နယ်၊ ဆားလင်းကြီးမြို့နယ်၊ မြိုင်မြို့နယ်တို့မှ ဝေဒနာရှင် ၄၆၇ ဦးကို ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၂ ရက်အထိ စမ်းသပ်စစ်ဆေးပေးခဲ့ပြီး လည်ပင်းကြီး၊ သားအိမ်အကျိတ်၊ အူကျ၊ အဖုအကျိတ်၊ ရေမုတ္တာ၊ နှုတ်ခမ်းကွဲနှင့် အာခေါင်ကွဲဝေဒနာများ အပါအဝင် အထွေထွေရောဂါ ဝေဒနာရှင် စုစုပေါင်း ၁၆၆ ဦးအား ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၇ ရက်အထိ ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာနှင့် ဝိတိုရိယ ဆေးရုံတို့မှ အထူးကုဆရာဝန်ကြီးများ ဦးဆောင်၍ ပုလဲမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်ပြည်သူ့ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများက ခွဲစိတ်ကုသပေးခဲ့ကြသည်။

အလားတူ ကျေးလက်ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုအစီအစဉ်ကို ၂၀၀၉ ခုနှစ်တွင် ပုလဲ၊ ယင်းမာပင်၊ ဆားလင်းကြီး၊ ကနီနှင့် မြိုင်မြို့နယ်တို့မှ မျက်စိဝေဒနာရှင် ဒေသခံပြည်သူများ မျက်စိအလင်း ရရှိစေရန်အတွက် မျက်စိဝေဒနာရှင် ၄၄၇၉ ဦးအား ပုလဲမြို့နယ် ပြည်သူ့ဆေးရုံ၌ အခြေစိုက်ပြီး ပထမအကြိမ် အခမဲ့အောင်မြင်စွာ စမ်းသပ်၊ စစ်ဆေး၊ ခွဲစိတ်ကုသပေးခဲ့သည်။

ထို့အပြင် ၂၀၁၀ ခုနှစ်တွင်လည်း အထက်ပါမြို့နယ် ငါးမြို့နယ်တို့မှ အထွေထွေရောဂါဝေဒနာရှင် ဒေသခံပြည်သူ ၁၉၂ ဦးအား ဒုတိယအကြိမ်မြောက် အခမဲ့ခွဲစိတ်ကုသပေးခဲ့ပြီး ယခုကျင်းပဆောင်ရွက်ပေးသည့် ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ် အခမဲ့ အထွေထွေခွဲစိတ်ကုသပေးပွဲမှာ တတိယအကြိမ်မြောက် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀)ပြည့် ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၉

ဆဋ္ဌအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးမှ နိုင်ငံတော် သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင်ဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများသည် ယနေ့နံနက် ၇ နာရီတွင် ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀)ပြည့် ပွဲတော်သို့ ကြွရောက်တော်မူကြပြီး ရွှေတိဂုံစေတီတော်အထက်ပစ္စယာမှ ရွှေတိဂုံစေတီတော်အား ဗုဒ္ဓါဘိသေက အနေကဇာ တင်တော်မူကြသည်။**(အပေါ်ပုံ)**

ထို့နောက် ဆရာတော် သံဃာတော်များက သမန္တာမှ အစပြု၍ မေတ္တာသုတ်ပရိတ်တော်၊ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော်များနှင့် ပုဗ္ဗဏှသုတ်ပရိတ် တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ယင်းနောက် ဆရာတော်ကြီးများသည် ရွှေတိဂုံစေတီတော်အား လက်ယာရစ် တစ်ပတ်လှည့်လည် ပူဇော်ကြည်ညိုကြရာ စေတနာရှင် အလှူရှင်များက စေတီတော် ရင်ပြင်ပတ်လည်မှနေ၍ ဆရာတော် သံဃာတော် အပါး ၃၈၀ နှင့် သီလရှင်ဆရာကြီး၊ ဆရာလေး ၂၇ ပါးတို့အား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လောင်းလှူကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး ချောင်းဦးမြို့၌ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၉

သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်နှင့် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးတို့သည် ဖေဖော်ဝါရီ ၂၇ ရက် ညပိုင်းတွင် ချောင်းဦးမြို့ အနော်ရထာခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး၊ သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မွေးမြူရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ကြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးသည် ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းတွင် ယင်းမာပင်မြို့နယ် ကြက်မွေးမြူရေးဇုန် ဆောက်လုပ်နေမှု၊ ဆားလင်းကြီးမြို့နယ် ကျားတက်စံပြကျေးရွာ၌ မြေအောက်ရေဖြင့် ဧက ၁၀၀ အား ရေပေးဝေနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဖေဖော်ဝါရီ ၂၇ ရက် ညနေပိုင်းတွင် မုံရွာမြို့နယ် တောင်မတောကျေးရွာ မီးဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ပွဲသို့ တက်ရောက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အလှူရှင်များက ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဥရောပပါလီမန်အမတ်နှင့် အာဆီယံနိုင်ငံများဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့ဥက္ကဋ္ဌတို့ တွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၂၉

ဥရောပပါလီမန်အမတ်နှင့် အာဆီယံနိုင်ငံများဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့ဥက္ကဋ္ဌ Dr. Werner Langen ဦးဆောင်သော အဖွဲ့သည် ယနေ့ညနေ ၅ နာရီခွဲတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြနှင့် ကော်မရှင်အဖွဲ့ဝင်များအား ကော်မရှင်ရုံး၌ လာရောက်တွေ့ဆုံသည်။**(အပေါ်ပုံ)**

တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို မြှင့်တင်ရေးနှင့် ကာကွယ်ရေးအတွက် ကော်မရှင်က ဆောင်ရွက်နေသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သဃ်န်းကျွန်းမြို့နယ်၌ ကွန်ကရစ်လမ်းသစ်များဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၉

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်၌ အရှည် ပေ ၂၂၀၀၊ အကျယ် ၇၂ ပေနှင့် ဒု ၁၁ လက်မရှိ လေးထောင့်ကန်လမ်းနှင့် အရှည်ပေ ၄၈၀၀၊ အကျယ် ၆၆ ပေနှင့် ဒု ၁၁ လက်မရှိ သံသုမာလမ်း ကွန်ကရစ်လမ်းသစ်များ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါလမ်းများ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများ တက်ရောက်အားပေးကြသည်။

လေးထောင့်ကန်လမ်း ကွန်ကရစ်လမ်းသစ်ကို ငွေကျပ်သိန်း ၃၈၀၀ နှင့် သံသုမာလမ်း ကွန်ကရစ်လမ်းသစ်ကို ငွေကျပ်သိန်း ၈၄၈၀ တို့ အကုန်အကျခံ၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်း/တံတား)က တာဝန်ယူဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။

လမ်းသစ်ဖွင့်ပွဲများအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပင်လုံရိပ်မွန်အိမ်ရာရှိ ဧရာဝတီဘဏ်လီမိတက်၏ ရန်ကုန်ဘဏ်ခွဲ-၄(မြောက်ဒဂုံ)နှင့် ဧရာဝတီဘဏ်လီမိတက် ဘဏ်သင်တန်းကျောင်း(ပင်လုံ) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်စက်မှုတက္ကသိုလ် ကျောင်းသား ကျောင်းသူဟောင်းများ မြတ်ဆရာပူဇော်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၉

ရန်ကုန်စက်မှုတက္ကသိုလ် ၁၉၈၅/၈၆/၈၇ စက်မှုအင်ဂျင်နီယာ ဘွဲ့ရကျောင်းသား ကျောင်းသူဟောင်းများ၏ တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်စက်မှုတက္ကသိုလ် စက်မှုခန်းမ၌ ကျင်းပရာ ကန်တော့ခံဆရာကြီး ၂၇ ဦး တက်ရောက်ပြီး ကျောင်းသား ကျောင်းသူဟောင်း ၁၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။**(ဝဲပုံ)** (သတင်းစဉ်)

ပြည်သူ့လွှတ်တော်အစည်းအဝေး အဌမနေ့ ဆက်လက်ကျင်းပ

လွှတ်တော်၏ဆောင်ရွက်ချက်များ မှတ်တမ်းတင်၊ မေးခွန်း(၈)ခု မေးမြန်းဖြေကြား၊ အဆိုအသစ် (၂)ခုတင်သွင်း

နေပြည်တော် ဖေဖော်ဝါရီ ၂၉

ယနေ့ပြည်သူ့လွှတ်တော်အစည်းအဝေး အဌမနေ့ကို နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၃၅၁)ဦးတို့ တက်ရောက်ကြပြီး အစည်းအဝေး၌ လွှတ်တော်၏ဆောင်ရွက်ချက်များမှတ်တမ်းတင်ခြင်း၊ မေးခွန်း(၈)ခု မေးမြန်း ဖြေကြားခြင်းနှင့် အဆိုအသစ် (၂)ခု တင်သွင်းခြင်းတို့ကိုဆောင်ရွက်ကြသည်။

မှတ်တမ်းတင်ခြင်းကဏ္ဍ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ မစ္စတာ ဝူဘန်ကို၏ဖိတ်ကြားချက်အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၂၂-၂-၂၀၁၂ ရက်မှ ၂၆-၂-၂၀၁၂ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်နှင့် စပ်လျဉ်း၍ လွှတ်တော်ကမှတ်တမ်းတင်ရန် သဘောတူဆုံးဖြတ်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ မစ္စတာ ဝူဘန်ကို၏ဖိတ်ကြားချက်အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်၍ အဖွဲ့ဝင် (၁၁)ဦးပါဝင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၆ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ကြောင်း၊ ထိုသို့သွားရောက်ခဲ့ရာတွင် အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ မစ္စတာ ဝူဘန်ကိုနှင့်လည်းကောင်း၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးဗျူရိုအမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံကွန်ဖရင့် ဥက္ကဋ္ဌ မစ္စတာ ကျာချင့်လင်နှင့်လည်းကောင်း၊ အမျိုးသားပြည်သူ့ကွန်ဂရက်ဒုတိယဥက္ကဋ္ဌ မစ္စတာ လူယွန်ရှောင်နှင့်လည်းကောင်း၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးကော်မတီဝင် မစ္စတာ လီယွန်ချောင်နှင့် လည်းကောင်း၊ တရုတ်ပြည်သူ့လွှတ်မြောက်ရေးတပ်မတော်စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးချန်ဘင်တေးနှင့်လည်းကောင်း အသီးသီးတွေ့ဆုံခဲ့ကြောင်း၊ ယင်းသို့တွေ့ဆုံဆွေးနွေးရာတွင် ခရီးစဉ်သည် အောင်မြင်မှုအပြည့်အဝရရှိပြီး သြဇာကြီးမားသော NPC နှင့် ပြည်သူ့လွှတ်တော်အကြား ချစ်ခင်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှု တိုးတက်ခိုင်မာရေးအတွက် ဆောင်ရွက်နိုင်ခဲ့သကဲ့သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူများနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ပြည်သူများအကြား ချစ်ခင်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေး ပိုမိုတိုးတက်ကောင်းမွန်ရန်အတွက် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ NPC ဥက္ကဋ္ဌ မစ္စတာ ဝူဘန်ကိုကိုလည်း မြန်မာနိုင်ငံနှင့် ပြည်သူ့လွှတ်တော်သို့ ချစ်ကြည်ရေးခရီးလာရောက်လည်ပတ်ရန် ဖိတ်ကြားခဲ့ကြောင်း သိရသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံသားတိုင်းသည် နိုင်ငံတော်က ထုတ်ပြန်ထားသော တည်ဆဲဥပဒေများအား လေးစားလိုက်နာကြရမည်ဖြစ်ပါကြောင်း၊ ယင်းဥပဒေများထဲတွင် ဖွဲ့စည်းပုံအခြေခံဥပဒေများအပါအဝင်ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့်ပင် ခေတ်ပြောင်းစနစ်ပြောင်းခဲ့ပါကြောင်း၊ စနစ်ပြောင်းမှု (System Change)ကို အသိတရား၊ သတိတရားများဖြင့် အမှန်တကယ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ သို့မှသာ နိုင်ငံသားအများစုက အတည်ပြုပြဋ္ဌာန်းထားသော ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)အား လေးစားလိုက်နာခြင်းမည်ပါကြောင်း၊ အထူးသဖြင့် မိမိတို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပိုမိုလေးစားလိုက်နာရန်လိုပါကြောင်း၊ ထို့အတူ ပြည်သူ့ကိုယ်စားလှယ်အချင်းချင်းကိုလည်းကောင်း၊ ယှဉ်တွဲဆောင်ရွက်နေကြသော အဖွဲ့အစည်းအသီးသီးအားလည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေအား မှန်ကန်ညီညွတ်စွာ လိုက်နာရေး၊ စေတနာမှန်၊ နည်းလမ်းမှန်စွာ လိုက်နာရေးတို့အတွက် သင့်တော်သည့် နည်းလမ်းများဖြင့် ဆောင်ရွက်နေကြရန်လိုပါကြောင်း၊ မိမိတို့၏ တာဝန်အရ ဥပဒေနှင့်အညီ ဆောင်ရွက်နေမှုများကိုလည်း ဝမ်းမြောက်ဝမ်းသာနားလည်လက်ခံကြပြီး အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန် ထိန်းကျောင်းမှု **စာမျက်နှာ ၃ ကော်လံ ၁ သို့**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး အဌမနေ့ ကျင်းပ

လူ့မှုဖူလုံရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုဆုံးဖြတ်

နေပြည်တော် ဖေဖော်ဝါရီ ၂၉

ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး အဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၀၄)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက အမျိုးသားလွှတ်တော်စာကြည့်တိုက်အတွက် အလှူငွေလှူဒါန်းခြင်းကို အမျိုးသားလွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်(၂)ဦးတို့က ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ကဏ္ဍဆိုင်ရာမေးခွန်းများကို မေးမြန်းကြရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ပြန်လည်ဖြေကြားသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့်က **"ဆည်ရေသွင်းစိုက်ပျိုးရေး၊ ရေအားလျှပ်စစ်ထုတ်လုပ်ရေးနှင့် မြေပေါ်-မြေအောက် ရေအရင်းအမြစ်များ ထိန်းသိမ်းနိုင်စွမ်းရှိသည့် သစ်တောဖုံးလွှမ်းဧရိယာများ ဆုံးရှုံးမှုမဖြစ်စေရန် စီမံဆောင်ရွက်ထားမှု"** နှင့်စပ်လျဉ်း၍ ပဲခူးရိုးမ၏ တောအရည်အသွေးနှင့် အတန်းအစားများ ကျဆင်းလာသည့်အတွက် ကျွန်းမျိုးကောင်းမျိုးသန့်များပေါက်ရောက်သည့်မူရင်းဒေသအား မပျောက်မပျက်သွားစေရန် နိုင်ငံတော်စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေသည့် စိုက်ပျိုးရေးကဏ္ဍတွင် အရေးပါသော ဆည်၊ ရေလှောင်တမံများ၏ သက်တမ်းကို မူလဒီဇိုင်း သတ်မှတ်တွက်ချက်မှုများအတိုင်း ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ဆည်၊ ရေလှောင်တမံများ၏ ရေဝေရေလဲဒေသများ၌ မြေတိုက်စားမှု၊ မြေပြိုကျမှု၊ နုန်းပို့ချမှုများ လျော့နည်းစေရန်နှင့် ပဲခူးရိုးမအား သဘာဝတောကောင်းများ ပြန်လည်ဖြစ်ထွန်းလာပြီး စိမ်းလန်းစိုပြည်လာစေရန်တို့ကို ရည်ရွယ်ပြီး ၂၀၀၄-၂၀၀၅ ခုနှစ်မှ ၂၀၀၉-၂၀၁၀ အထိ (၅)နှစ် ကာလစီမံကိန်းအဖြစ် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ဆက်လက်ပြီး ၂၀၁၀-၂၀၁၁မှ ၂၀၁၄-၂၀၁၅ ခုနှစ် အထိ ဒုတိယ (၅)နှစ်စီမံကိန်းကို ဆောင်ရွက်လျက်ရှိပါကြောင်း။

အလုပ်သမားဝန်ကြီး ဌာန ပြည်ထောင်စုဝန် ကြီး ဦးအောင်ကြည် အဆိုတင်သွင်းစဉ်။ (သတင်းစဉ်)

ယနေ့အထိ အဓိကလုပ်ငန်း (၁၀)ရပ်ဖြစ်သည့် သဘာဝတောထိန်းသိမ်းခြင်း၊ ဓမ္မတာနည်းဖြင့်မျိုးဆက်ခြင်း၊ သစ်တောစိုက်ခင်းတည်ထောင်ခြင်း၊ သဘာဝတော တန်ဖိုးမြှင့်စိုက်ပျိုးခြင်း၊ တရားမဝင်သစ်မျိုးစုံဖမ်းဆီးခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ သစ်တောတည်ထောင်ခြင်းနှင့် စံပြသစ်တောကျေးရွာများတည်ထောင်ခြင်း၊ ပြည်သူလူထုပူးပေါင်းပါဝင်လာစေမည့် တိုးချဲ့ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ထင်းအစားအခြားလောင်စာ သုံးစွဲရေးဆောင်ရွက်ခြင်း၊ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ သဘာဝကျွန်းတောထိန်းသိမ်းရေးနယ်မြေများ သတ်မှတ်ခြင်းနှင့် သုတေသနလုပ်ငန်းများဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ပြင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အရေးကြီးဆည် (၆၃)ခု၏ ရေဝေရေလဲဒေသများ သစ်တောဖုံးလွှမ်းမှုနည်းသော တောနိမ့်၊ တောပျက်များကို စိစစ်ရွေးချယ်၍ ရေဝေရေလဲ စိုက်ခင်းဧက (၇၉၂၈၀)ကို တည်ထောင်ပြုစုထိန်းသိမ်းလျက်ရှိပါကြောင်း။

၎င်းအပြင် ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်များ ကျရောက်မှုတို့၏ အဓိကအရင်းခံဖြစ်သော ကာဗွန်ထုတ်လွှတ်မှုများအား ထိန်းညှိလျှော့ချနိုင်ရန် **စာမျက်နှာ ၄ ကော်လံ ၁ သို့**

ယနေ့သတင်းအညွှန်း

ပုလဲမြို့နယ်နှင့် ပတ်ဝန်းကျင်မြို့နယ်များမှ ဝေဒနာရှင်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု အခမဲ့ကုသပေး သတင်း စာမျက်နှာ - ၁၀

ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးများ တင်သွင်းရာတွင် အမျိုးအစား၊ အချိုးအစားနှင့် အညွှန်းများကို မြန်မာစာဖြင့် ရိုက်နှိပ်ပြီးမှ တင်သွင်း သတင်း စာမျက်နှာ - ၅